မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်းကထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက်၊ ၂၀၁၀ခုနှစ်၊ ဧပြီ ၂ ရက်၊ သောကြာနေ့၊ အတွဲ (၄၉)၊ အမှတ် (၁၈၄)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Dr. R.M. Marty M. Natalegawa ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

စာမျက်နှာ ၃ ကော်လံ ၃ ●

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်

မစ္စတာ ငုယင်တန်ဒွန်း၏ ကိုယ်ရေးမှတ်တမ်းအကျဉ်းချုပ်

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဒွန်းအား ဗီယက်နမ်နိုင်ငံ ကာမောင်းမြို့၌ ၁၉၄၉ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်နေ့က မွေးဖွားခဲ့သည်။ ဝန်ကြီးချုပ်သည် ၁၉၆၁ ခုနှစ် နိုဝင်ဘာလတွင် ဗီယက်နမ်ပြည်သူ့တပ်မတော်သို့ ဝင်ရောက်အမှုထမ်းခဲ့ပြီး ၁၉၈၁ ခုနှစ် စက်တင်ဘာလအထိ ရာထူးတာဝန်အဆင့်ဆင့် ထမ်းဆောင်ခဲ့ရာ ဗိုလ်မှူးနှင့် ခြေလျင်တပ်ရင်းမှူးအထိ တာဝန်ယူခဲ့သည်။

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ
ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဒွန်း

ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဒွန်းသည် ဥပဒေဘွဲ့ကို ရရှိခဲ့ပြီး အဆင့်မြင့်နိုင်ငံရေးလေ့လာမှုဘာသာရပ်ဖြင့် ဒီပလိုမာကိုလည်း ရရှိခဲ့သည်။ ၁၉၈၁ ခုနှစ် အောက်တိုဘာမှ ၁၉၉၄ ခုနှစ် ဒီဇင်ဘာအထိ ကီယမ်ဇန်းပါတီကော်မတီ အတွင်းရေးမှူး၊ ကီယမ်ဇန်းစစ်ဘက်ရေးရာပါတီကော်မတီ အတွင်းရေးမှူးနှင့် အမှတ်(၉)စစ်ဒေသ၏ ပါတီကော်မတီအဖွဲ့ဝင်အထိ ရာထူးတာဝန်များကို ထမ်းဆောင်ခဲ့သည်။

ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဒွန်းသည် ၁၉၉၅ ခုနှစ် ဇန်နဝါရီမှ ၁၉၉၆ ခုနှစ် မေအထိ ပြည်သူ့လုံခြုံရေးဌာန ဒုတိယဝန်ကြီးတာဝန်နှင့် ဗဟိုပြည်သူ့လုံခြုံရေးပါတီ ကော်မရှင်အဖွဲ့ဝင်တာဝန်များကို ထမ်းဆောင်ခဲ့သည်။ ၁၉၉၆ ခုနှစ် ဇွန်မှ ၁၉၉၇ ခုနှစ် ဩဂုတ်အထိ ဗီယက်နမ်ကွန်မြူနစ်ပါတီ၏ ပေါ်လစ်ဗျူရို အမြဲတမ်းကော်မတီ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ပါတီ၏ စီးပွားရေးရာ ဗဟိုကော်မတီဥက္ကဋ္ဌအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဒွန်းသည် ၁၉၉၇ ခုနှစ် စက်တင်ဘာမှ ၂၀၀၆ ခုနှစ် ဇွန်အထိ ဗီယက်နမ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ဗီယက်နမ်အစိုးရ ပါတီရေးရာကော်မတီ၏ လက်ထောက်အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမြဲတမ်း ဒုတိယဝန်ကြီးချုပ်အဖြစ်လည်းကောင်း တာဝန်များကို ထမ်းဆောင်ခဲ့သည်။

ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဒွန်းသည် နိုင်ငံတော် ဘဏ္ဍာရေးနှင့် ငွေကြေးဆိုင်ရာ မူဝါဒကောင်စီ ဥက္ကဋ္ဌအဖြစ် ၁၉၉၈ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိ ထမ်းဆောင်ခဲ့ပြီး ဗီယက်နမ်နိုင်ငံ ဗဟိုဘဏ် ဥက္ကဋ္ဌတာဝန်နှင့် ဗဟိုဘဏ်၏ ပါတီရေးရာကော်မတီ အတွင်းရေးမှူးတာဝန်များကို ၂၀၀၆ခုနှစ် ဇွန်အထိ ထမ်းဆောင်ခဲ့သည်။

ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဒွန်းသည် ပါတီဗဟိုကော်မတီဝင်အဖြစ် ဆဋ္ဌမ၊ သတ္တမ၊ အဋ္ဌမ၊ နဝမနှင့် ဒသမအကြိမ် အမျိုးသားပါတီကွန်ဂရက်များတွင် ပါဝင်တက်ရောက်ခဲ့ပြီး ပေါ်လစ်ဗျူရိုအဖွဲ့ဝင်အဖြစ် အဋ္ဌမ၊ နဝမနှင့် ဒသမအကြိမ် အမျိုးသားလွှတ်တော်များတွင် လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌအဖြစ် ဒသမနှင့် ဧကာဒသမအကြိမ် အမျိုးသားလွှတ်တော်များတွင်လည်းကောင်း ပါဝင်ဆောင်ရွက်ခဲ့သည်။

ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဒွန်းသည် ၂၀၀၆ ခုနှစ် ဇွန်မှစတင်က ဗီယက်နမ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်တာဝန်များကို ထမ်းဆောင်လျက်ရှိသည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၀ခုနှစ် ဧပြီ ၂ ရက်)

နိုင်ငံတော်ကြီးအေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး မျိုးဆက်သစ်လူငယ်များ ဆက်လက်သယ်ပိုး စွမ်းဆောင်

လူ့အဖွဲ့အစည်းကြီး ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြောင်းလဲဖြစ်ပေါ်လျက်ရှိသည့် ခေတ်စနစ်၏ တောင်းဆိုမှုများကို ရင်ဆိုင်ဖြေရှင်းရေးနှင့် လူ့အဖွဲ့အစည်းတစ်ရပ်လုံး ရေရှည်ရှင်သန် ရပ်တည်နိုင်ရေးတို့အတွက် အခြေခံကျသော အကြောင်းရင်းသည် ပညာရေးအခြေခံ အုတ်မြစ် ခိုင်ခံ့ကောင်းမွန်ရေးဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရသည် အမျိုးသားပညာရည်မြင့်မားရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး အစီအစဉ်များကို ချမှတ်ဖော်ဆောင်လျက်ရှိသည်။

တနင်္သာရီတိုင်း ထားဝယ်မြို့ရှိ ထားဝယ်တက္ကသိုလ် ပင်မလေးထပ် စာသင်ဆောင်ဖွင့်ပွဲ အခမ်းအနားကို မတ်လ ၃၀ ရက်နေ့က အဆိုပါ တက္ကသိုလ် ပင်မလေးထပ်စာသင်ဆောင်ရှေ့ဥပစာ၌ ကျင်းပခဲ့သည်။

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး ဟန်ချက်ညီညီ မျှမျှတတ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာတွင် တနင်္သာရီတိုင်းအတွင်းရှိ တိုင်းရင်းသားလူငယ် လူရွယ်များ အဆင့်မြင့်ပညာကို လက်လှမ်းတမီ တက်ရောက်သင်ယူနိုင်ရန် ထားဝယ်တက္ကသိုလ်နှင့် မြိတ်တက္ကသိုလ်ကို ဖွင့်လှစ်ပေးထားသည်။

တနင်္သာရီတိုင်းအတွင်း ထားဝယ်နှင့် မြိတ်ဒေသတို့သည် ဖွံ့ဖြိုးရေး ဒေသကြီးများအဖြစ် ခိုင်ခိုင်မာမာ ပေါ်ထွက်လာပြီး အဆင့်မြင့်ပညာ လေ့လာသင်ယူနိုင်သည့် တက္ကသိုလ်များအဖြစ် ကွန်ပျူတာ ပညာရှင်များ၊ အင်ဂျင်နီယာများစသည့် ပညာတတ် လူ့အရင်းအမြစ်များ ပြုစုပျိုးထောင်ပေးသည့်ဌာနများ၊ ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် အဆင့်မြင့် ဆေးရုံကြီးများလည်း တည်ရှိနေပြီဖြစ်သည်။

ယနေ့ကာလတွင် သိပ္ပံနှင့်နည်းပညာရပ်များ၊ အီလက်ထရွန်နစ် ပညာရပ်များ၏ တိုးတက် ပြောင်းလဲမှုသည် ကြီးမားကျယ်ပြန့်ပြီး မြန်ဆန်သွက်လက်နေသည်။ တိုးတက်ပြောင်းလဲဖြစ်ပေါ်လျက်ရှိသော နည်းပညာရပ်များကို အချိန်နှင့်တစ်ပြေးညီ လေ့လာသင်ယူပြီး မိမိနိုင်ငံတော်နှင့် မိမိလူမျိုး အကျိုးစီးပွားအတွက် လက်တွေ့အသုံးချသွားကြရမည်ဖြစ်သည်။

နိုင်ငံတော် အနာဂတ်ဖွံ့ဖြိုးတိုးတက် ခိုင်မာရေးသည် ထူးချွန်ထက်မြက်ပြီး တိုင်းပြည်ချစ် စိတ်ဓာတ် ထက်သန်သော မျိုးဆက်သစ် လူငယ်မောင်မယ်များ၏ ပခုံးထက်တွင် တည်ရှိနေရာ မြန်မာနိုင်ငံ၏ အနာဂတ်သည် မြန်မာလူငယ် မျိုးဆက်သစ်များ၏ စွမ်းပကားပေါ်တွင် တည်ရှိနေသည်။

သို့ဖြစ်ရာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက် မျိုးဆက်သစ် လူငယ်မောင်မယ်များသည် နိုင်ငံတော်က ရင်းနှီးတည်ဆောက်ပေးထားသည့် အခြေခံကောင်းများကို အကျိုးရှိရှိအသုံးချ၍ ကိုယ့်ခွန်ကိုယ့်အားဖြင့် ဆက်လက်သယ်ပိုးစွမ်းဆောင်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ငွေဆောင်ကမ်းခြေ (၁၀)နှစ်ပြည့်အထိမ်းအမှတ်ပွဲတော် ကျင်းပ

ရန်ကုန် ဧပြီ ၁

မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း(ငွေဆောင်ဇုန်)မှ ကြီးမှူး၍ ငွေဆောင်ကမ်းခြေဖွင့်လှစ်ခြင်း (၁၀)နှစ်ပြည့် အထိမ်းအမှတ်အခမ်းအနားကို မတ် ၂၅ရက်မှ ၂၇ရက်အထိ ဧရာဝတီတိုင်း ပုသိမ်မြို့နယ်၏ အနောက်ဘက် ၂၉မိုင်အကွာရှိ ငွေဆောင်ကမ်းခြေ၌ ကျင်းပသည်။

ဓာတ်ပုံပြပွဲ

အခမ်းအနားကို မတ် ၂၅ရက်တွင် သဲသောင်ပြင်ဘောလုံးပြိုင်ပွဲ၊ ကလေးသူငယ်များ ပျော်ပွဲရွှင်ပွဲတို့ကို ငွေဆောင်ကမ်းခြေ၌ ကျင်းပပြီး ငွေဆောင်ကမ်းခြေအလှသဘာဝ ဓာတ်ပုံပြပွဲကို ငွေဆောင်မြို့ အထက်တန်းကျောင်း၌ ပြသခဲ့သည်။

မတ် ၂၆ရက် ညတွင် ငွေဆောင်ကမ်းခြေချစ်သူများကျွန်းအနီးရှိသဲသောင်ပြင်စင်မြင့်တွင် Miss Ngwe Saung 2010 ရွေးချယ်ပွဲကျင်းပရာ ပထမ ယုသန္တာတင်၊ ဒုတိယ ခြူးသက်နွယ်၊ တတိယ အမရာကျော်တို့ရရှိရာ ဆုများကို မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ငွေဆောင်ဇုန်) ဥက္ကဋ္ဌဦးတင်ဝင်းနှင့် အမှုဆောင်တို့က ဆုများပေးအပ်သည်။

စာစီစာကုံးပြိုင်ပွဲ

မတ် ၂၇ရက်တွင် ငွေဆောင်မြို့ အထက်တန်းကျောင်း၌ ငွေဆောင်ကမ်းခြေ (၁၀)နှစ်ပြည့် အထိမ်းအမှတ် သာစွကမ်းခြေ ငွေဆောင်မြေ ခေါင်းစဉ်ဖြင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ကျင်းပရာ ပထမ မမီမီကျော်စိုး (အထက၊ ဆင်မ)၊ ဒုတိယ မထက်ရည်မွန်ရွှေ(ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း)၊ တတိယ မနှင်းဝေဝေလွင် (အထက-ခွဲ၊ ရှောက်ချောင်း) တို့က ရရှိကြသည်။

ညပိုင်းတွင် ငွေဆောင်ကမ်းခြေ သဲသောင်ပြင်ရှိ စင်မြင့်တွင် ဖက်ရှင်ပြပွဲနှင့် Beach Music Festival Show ကို ကျင်းပရာ အဆိုတော် စိုင်းစိုင်းခမ်းလှိုင်၊ ဩရသ၊ ချမ်းချမ်းနှင့် အဆိုတော်များ၊ မော်ဒယ်များက သီဆိုဖျော်ဖြေရာ ငွေဆောင်ကမ်းခြေသို့ လာရောက်အပန်းဖြေသည့် ပြည်တွင်း ပြည်ပမှ ဧည့်သည်များနှင့် ငွေဆောင်မြို့ပတ်ဝန်းကျင်ရှိ ဒေသခံပြည်သူများ လာရောက်ကြည့်ရှုအားပေးကြသည်။

ဖျော်ဖြေတင်ဆက်

ငွေဆောင်ကမ်းခြေဖွင့်လှစ်ခြင်း (၁၀)နှစ်ပြည့် အထိမ်းအမှတ်အခမ်းအနားကို မြန်မာ့ခရီးသွားလုပ်ငန်း မြှင့်တင်ရေးနှင့် ကမ်းခြေသို့ လာရောက်အပန်းဖြေ အနားယူကြသည့် ပြည်တွင်းပြည်ပမှ ဧည့်သည်များ စိတ်ချမ်းမြေ့စေရေး ရည်ရွယ်ချက်ဖြင့် အခမဲ့ ဖျော်ဖြေတင်ဆက်ခြင်းဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ငွေဆောင်ကမ်းခြေ (၁၀)နှစ်ပြည့်အထိမ်းအမှတ် သာစွကမ်းခြေငွေဆောင်မြေ ခေါင်းစဉ်ဖြင့် အလယ်တန်းအဆင့် စာစီစာကုံးဆုရရှိသူများ ဆုယူအပြီး တွေ့ရစဉ်။ (မြန်မာ့အလင်း)

LUCKY BIRD Group of Companies ၏ မြန်မာ့နှစ်သစ်ကူး အထူးအစီအစဉ်

ရန်ကုန် ဧပြီ ၁

LUCKY BIRD Group of Companies က TOSHIBA Notebook, Projector နှင့် Copier များ၊ Remaco အမှတ်တံဆိပ် Projection Screen များနှင့် USA Brand Infocus Projector များနှင့် နောက်ဆုံးပေါ် နည်းပညာသုံး ပစ္စည်းအသစ်အဆန်းများကို မြန်မာ့နှစ်သစ်ကူးအထိမ်းအမှတ် အထူးလျှော့စျေးများဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။

လျှော့စျေးနှုန်း

TOSHIBA Notebook, Projector ဝယ်ယူသူများအား up to 15 ရာခိုင်နှုန်းအထိ လျှော့စျေးနှုန်းများနှင့်အတူ TOSHIBA ကျောပိုးအိတ်နှင့် MOUSE တို့ လက်ဆောင်ပေးအပ်မည်ဖြစ်ကြောင်း၊ TOSHIBA Multifunctional Copier များ ဝယ်ယူအားပေးသူများကို ကျပ် ၇၅၀၀၀တန်ဖိုးရှိ Toner များ မေတ္တာလက်ဆောင် ပေးသွားမည်ဖြစ်ကြောင်း၊ Special Promotion အစီအစဉ်ကို ဧပြီ ၁ရက်မှ ၁၀ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ အထူးအစီအစဉ်အနေဖြင့် ကျပ်သုံးသိန်းနှင့်အထက် ဝယ်ယူအားပေးသူများကို ကံစမ်းမဲများ မေတ္တာလက်ဆောင်ပေးနေပြီး ပထမဆု TOSHIBA Notebook၊ ဒုတိယဆု TOSHIBA ရေခဲသေတ္တာ၊ တတိယဆု TOSHIBA အဝတ်လျှော်စက်တို့အပြင် နှစ်သိမ့်ဆုအနေဖြင့် TOSHIBA Rice Cooker, Toshiba External Hard Drive, Toshiba Memory Stick, Toshiba Mouse ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် LUCKY BIRD သို့ ပစ္စည်း လာရောက်ဝယ်ယူအားပေးစဉ် Visiting Card များ တစ်ပါတည်း ပါရှိပါက Data Collection Bowl အတွင်း ထည့်ထားခဲ့ကာ ကံစမ်းနိုင်ပြီး ကံစမ်းမဲ အထူးဆုအနေဖြင့် TOSHIBA အဝတ်လျှော်စက်အပြင် အခြားနှစ်သိမ့်ဆုများစွာကိုလည်း ထည့်သွင်းချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်သွယ်စုံစမ်းနိုင်

ပစ္စည်းများဝယ်ယူလိုပါက LUCKY BIRD Group of Companies အမှတ် ၁၀၃ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၄၈၁၆၇၊ ၃၇၉၈၇၅၊ ၃၉၉၀၁၁၊ အမှတ် ၅၊ ၂၆လမ်း၊ ၇၈ လမ်းနှင့် ၇၉ လမ်းကြား၊ မန္တလေးမြို့ ဖုန်း-၀၂-၂၁၅၇၂နှင့် အနောက်မြောက်ထောင့် သပြေကုန်းဈေး နေပြည်တော် ဖုန်း-၀၆၇-၄၃၀၁၁၃တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် စာအုပ်စာစောင်များ ရွှေပြည်သာ၌ လှူဒါန်း

ရန်ကုန် ဧပြီ ၁

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ်၌ ရပ်ကွက်၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် စာအုပ်စာစောင်၊ မဂ္ဂဇင်း၊ ဂျာနယ်များ လှူဒါန်းပွဲအခမ်းအနားကို မတ် ၂၆ရက် နံနက် ၁၁နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြို့နယ်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးညီညီအောင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အုံးညွန့်တို့က အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ဥက္ကဋ္ဌက ရုပ်မြင်သံကြား ခြောက်လုံး လှူဒါန်းရာ စာကြည့်တိုက်များကိုယ်စား ဦးကျော်ဦးကလည်းကောင်း၊ ရေဒီယိုနှစ်လုံးကို ဦးသိန်းနိုင်ကလည်းကောင်း၊ စာအုပ်၊ စာစောင်၊ မဂ္ဂဇင်းနှင့် ဂျာနယ်စုစုပေါင်း အုပ် ၁၀၀၀ကို ဦးဝင်းနိုင်ကလည်းကောင်း လက်ခံယူကြသည်။ (အပေါ်ပုံ)

(မြို့နယ် ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂-၄-၂၀၁၀
(သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄:၂၀ ၄။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၄:၃၀ ၅။ မဟာဂီတချိုကြည်မြ
၄:၅၀ ၆။ မျိုးချစ်တပ်မတော်
၅:၀၀ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅:၁၀ ၈။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၅:၂၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀ ၁၀။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ **စကားပြောသောငှက်ကလေး** (အပိုင်း-၁)
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၃။ လျှပ်တစ်ပြက်
၆:၃၀ ၁၄။ **ရွှေ** ဟာသဇာတ်လမ်းတွဲ **မေတ္တာစစ်တို့မည်သည်** မေတ္တာ၊ ချစ်ဖွယ်၊ ဝင်းသပြေထွန်း
၆:၅၀ ၁၅။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်သူ့မေတ္တာ** (အပိုင်း-၃၆)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကမ္ဘည်းတွင်မည့် ချင်သူရဲကောင်း** (အပိုင်း-၇)
၂၃။ ကျန်းမာရေးရဲ့လျှို့ဝှက်ချက်

ရန်သူမီးဘေး တားဆီးရေး မနှေးဆောင်ရွက်ကြ

2-4 (02).pmd 1 4/2/2010, 2:48 AM

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Dr. R.M. Marty M. Natalegawa အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

● ရှေ့ဖုံးမှ

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Dr. R.M. Marty M. Natalegawa ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Sebastianus Sumarsono လည်းတက်ရောက်သည်။ (သတင်းစဉ်)

နိုင်ငံရေးပါတီတည်ထောင်လိုသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဆက်လက် လျှောက်ထားလျက်ရှိ

နေပြည်တော် ဧပြီ ၁

နိုင်ငံရေးပါတီတည်ထောင်လိုသူများက ယင်းတို့ တည်ထောင်လိုသောပါတီ၏ အမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဆက်လက်လျှောက်ထားလျက်ရှိကြရာ ၂၀၁၀ခုနှစ် ဧပြီ (၁)ရက်တွင် အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်က လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သံအမတ်ကြီး ဦးစောလှမင်း အင်ဒိုရာနိုင်ငံ နိုင်ငံအကြီးအကဲထံ သံအမတ်ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဧပြီ ၂

အင်ဒိုရာနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးစောလှမင်းသည် ၄င်း၏ခန့်အပ်လွှာကို ၂၀၁၀ ခုနှစ် မတ် ၁၈ရက်တွင် အေပီစကိုပါလ်နန်းတော်၌ အင်ဒိုရာနိုင်ငံ နိုင်ငံအကြီးအကဲ မွန်စီယာ ဂျိုအမ်း အန့်ရစ် ဗီဗက်စ် စစ်စီလီယာထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

၁။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည် -

	အမည်၊ လက်ရှိရာထူး၊ ဌာန	ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန
(က)	ဦးမောင်မောင်ငြိမ်း ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း ပို့ဆောင်ရေးဝန်ကြီးဌာန	ကျောင်းအုပ်ကြီး မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ် ပို့ဆောင်ရေးဝန်ကြီးဌာန
(ခ)	ဒေါက်တာအောင်မြင့် ပါမောက္ခချုပ် တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး) တိုင်းရင်းဆေးပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် တိုင်းရင်းဆေးပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန

၂။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည် -

	အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့် ရာထူး၊ ဌာန
(က)	ဦးသန်းအေး ဒုတိယညွှန်ကြားရေးမှူးချုပ် စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
(ခ)	ပါမောက္ခဒေါက်တာဒေါ်စန်းစန်းနွဲ့ ပါမောက္ခ/ဌာနမှူး ဆေးဝါးဗေဒဌာန ဆေးတက္ကသိုလ်(မန္တလေး) ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် ဆေးဝါးတက္ကသိုလ်(မန္တလေး) ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန

ပညာရေးဘွဲ့ စာပေးစာယူ အနီးကပ်သင်တန်းဖွင့်မည်

ရန်ကုန် ဧပြီ ၁

၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရေးဘွဲ့ စာပေးစာယူသင်တန်းသား ဆရာ ဆရာမများကိုယ်တိုင် တက်ရောက်သင်ယူရမည့် နွေရာသီအနီးကပ်သင်တန်းနှင့် ဖြေဆိုရမည့် စာမေးပွဲများကို ရန်ကုန်ပညာရေးတက္ကသိုလ်၌ ကျင်းပမည်ဖြစ်ရာ အမှတ်စဉ်(၂၈) ပထမနှစ်သင်တန်းနှင့် အမှတ်စဉ်(၂၇) ဒုတိယနှစ်သင်တန်းများကို ဧပြီ ၂၄ရက်မှ မေ ၁၅ရက် အထိ ဖွင့်လှစ်သင်ကြားပြီး စာမေးပွဲကို မေ ၁၈ရက်မှ ၂၂ရက်အထိ ကျင်းပမည်ဖြစ်သည်။

သတင်းပေးပို့

သင်တန်းတက်ရောက်ရန်အတွက် ဧပြီ ၂၃ရက် နောက်ဆုံးထား သတင်းပေးပို့ရမည် ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သစ်ပင်ကို နှစ်ခြင်စိုက် ရွှေတိုက်ကိုစိုး

အလုပ်သမားဝန်ကြီး ဦးအောင်ကြည်အား ဗြိတိန်နိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၁

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး H.E. Mr. Andrew Heyn သည် မတ်၃၀ရက် မွန်းလွဲပိုင်းက နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာနဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ယင်းသို့ လာရောက်တွေ့ဆုံရာတွင် ဝန်ကြီးနှင့်အတူ လူမှုဖူလုံရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဗဟိုဝါဏိဇ္ဇ ပဋိပက္ခမှုကော်မတီရုံး ညွှန်ကြားရေးမှူးချုပ်တို့လည်း တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်နှင့်အဖွဲ့ မတ် ၉ရက်က ရှင်ဗွေယန်မြို့ စည်ပင်သာယာရေးအဖွဲ့သို့ရောက်ရှိရာ မြို့ဝင်ဆိုင်းဘုတ်တွင် မြေယာရှုခင်းအလှပြုပြင်မည့်နေရာကို ကြည့်ရှုစစ်ဆေးရာ မြို့တာဝန်ခံ ဦးသန့်ဇင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်ဇော်လင်းတို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

အင်းလေးမြန်မာ့သစ်ခွပန်းပြပွဲ ဒုတိယအကြိမ်ကျင်းပမည်

နေပြည်တော် ဧပြီ ၁

မြန်မာနိုင်ငံခရီးသွားလုပ်ငန်း မြှင့်တင်ရေးကိုဦးတည်၍ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ တောင်ကြီးဇုန်ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များက အင်းလေးမြန်မာ့သစ်ခွပန်းပြပွဲ (Inlay Orchids' Images)ကို ဒုတိယအကြိမ်အဖြစ် ဧပြီ ၃ရက်မှ ၅ရက်အထိ အင်းလေး ညောင်ရွှေမြို့ မေဟော်နန်းဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

ရည်ရွယ်ကျင်းပ

အင်းလေးသစ်ခွပန်းပြပွဲကို မြန်မာနိုင်ငံထွက် သစ်ခွပန်းအစစ်များ ဖြစ်ထွန်းမှုကို နိုင်ငံတကာမှ သစ်ခွပန်းချစ်သူများ သိရှိလေ့လာနိုင်စေရန်၊ တောင်ကြီး၊ အင်းလေးဒေသကို နွေမိုးဆောင်းလည်ပတ်နိုင်သော ခရီးစဉ်ဒေသအဖြစ် သတင်းဖြန့်ချိနိုင်ရန်၊ အင်းလေးခရီးစဉ်ဒေသကို ခရီးသွားလုပ်ငန်းရေရှည်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များအတိုင်း အကောင်အထည်ဖော်နိုင်ရန်နှင့် ဒေသခံလုပ်ငန်းရှင် လူငယ်များအနေဖြင့် ခရီးစဉ်မြှင့်တင်မှုဆိုင်ရာ လုပ်ငန်းအတွေ့အကြုံများရရှိစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲတွင် တောင်ကြီးဇုန်အတွင်းရှိ တောင်ကြီး၊ ကလော၊ ညောင်ရွှေနှင့် ပင်းတယမြို့နယ်များရှိ ဟိုတယ်၊ ခရီးသွားလုပ်ငန်းရှင်များနှင့် ပန်းပညာရှင်များက မြန်မာနိုင်ငံအရပ်ရပ်ရှိ မြန်မာ့သစ်ခွပန်းများနှင့် ဆေးဖက်ဝင် မြန်မာ့သစ်ခွပန်းများ၊ ဒေသထွက် ရိုးရာယဉ်ကျေးမှု အသုံးအဆောင်ပစ္စည်းများနှင့် ရိုးရာအစားအစာများကို ဆင်ယင်ခင်းကျင်းပြသမည်ဖြစ်သည်။

စာတမ်းများ

သစ်ခွပန်းပြပွဲ ကျင်းပစဉ် ဧပြီ ၄ရက်တွင် အင်းလေးဒေသ၏ ခရီးသွားလုပ်ငန်းရေရှည်ဖွံ့ဖြိုးတိုးတက်ရေး စာတမ်းဖတ်ပွဲကို ဟူပင်ဟိုတယ်၌ ကျင်းပမည်ဖြစ်ပြီး ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ မြန်မာနိုင်ငံဈေးကွက်မြှင့်တင်ရေးကော်မတီနှင့် ဇီဝမျိုးကွဲများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့တို့မှ ပုဂ္ဂိုလ်များက အင်းလေးဒေသခရီးသွားလုပ်ငန်းရေရှည်ဖွံ့ဖြိုးရေးနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ စာတမ်းများကို ဖတ်ကြားတင်သွင်းကြမည်ဖြစ်သည်။

အဆိုပါ အင်းလေးမြန်မာ့သစ်ခွပန်းပြပွဲနှင့် အင်းလေးဒေသ ခရီးသွားလုပ်ငန်းရေရှည်ဖွံ့ဖြိုးတိုးတက်ရေး စာတမ်းဖတ်ပွဲများသို့ ခရီးသွားလုပ်ငန်းနယ်ပယ်မှ လုပ်ငန်းရှင်များ၊ သုတေသနပညာရှင်များ၊ ပန်းပညာရှင်များနှင့် ပန်းဝါသနာရှင်များ၊ သတင်းဆောင်းပါးရှင်များနှင့် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များအား ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂-၄-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4အဖွင့် Logo၊ ပဌာန်းပါဠိတော်+ အဌာနဍ္ဍိယသုတ်
၅:၁၅	MRTV-4 သတင်း
၆:၀၀	**ဘဒ္ဒန္တကုဏ္ဍာဝုဓာဘိဝံသ** ထူးကြီးဆရာတော် ဟောကြားတော်မူသောတရားတော်
၇:၀၀	MRTV-4 သတင်း
၇:၄၅	MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၆၈)
၈:၃၀	Sports World (Sports Max)
၈:၅၅	လက်ဆင့်ကမ်းအမွေ
၉:၁၀	စိတ်ကူးကောင်းများနှင့် ချစ်စရာ့ရွာတစ်ရွာ
၉:၂၅	Movie Talk ဒါရိုက်တာကြည်စိုးထွန်း၊ ဦးလှထွန်း (ရှမဝ) (အပိုင်း-၂)
၁၀:၁၀	ခါသကြံန်အဆိုအကများ
၁၀:၃၀	ဓမ္မဒူတဇေတဝန်တောရ ဆေကိန္ဒာရာမကျောင်းတိုက် သာသနဟိတကာရီ ကျောင်းဆောင်တော်မြတ်ကြီး ကျောင်းလွှတ်ပူဇာ အလှူတော်မင်္ဂလာ
၁၀:၅၀	ဖက်ရှင်လမ်းညွှန် (ဒီဇိုင်နာမေမျိုးသူနှင့်တွေ့ဆုံခြင်း)
၁၁:၁၅	ရွှေပြည်သာမှထွန်းပနေတဲ့ သာသနာ
၁၁:၂၅	သတ္တုတူးသောရွာကလေး
၁၁:၄၀	VJ Choice
၁၂:၁၀	ခါသကြံန်အဆိုအကများ
၁၂:၂၀	စိတ်ကူးကောင်းများနှင့် ချစ်စရာ့ရွာတစ်ရွာ
၁၂:၃၅	ဓမ္မဒူတဇေတဝန်တောရ ဆေကိန္ဒာရာမကျောင်းတိုက် သာသနဟိတကာရီ ကျောင်းဆောင်တော်မြတ်ကြီး ကျောင်းလွှတ်ပူဇာ အလှူတော်မင်္ဂလာ
၁:၀၀	**ဘဒ္ဒန္တကုဏ္ဍာဝုဓာဘိဝံသ** ထူးကြီးဆရာတော် ဟောကြားတော်မူသောတရားတော်
၂:၀၀	MRTV-4 သတင်း
၂:၄၅	သူတို့ပြောတဲ့ သူတို့အကြောင်း ဟာသသရုပ်ဆောင် ကောင်းကျော်နှင့် တွေ့ဆုံခြင်း
၃:၁၅	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၃:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၆၈)
၄:၀၅	ရွှေပြည်သာမှထွန်းပနေတဲ့သာသနာ
၄:၂၀	လက်ဆင့်ကမ်းအမွေ
၄:၄၀	ခါသကြံန်အဆိုအကများ
၅:၀၀	World Of Knowledge (Inside: Super Truck Rally)
၆:၀၀	MRTV-4 သတင်း
၆:၂၀	လှပသစ်ဆန်းအလှပြင်ခန်း (Lake Beauty Spa)
၆:၃၅	ဂီတသမားတို့ရဲ့ ရင်ခုန်သံများ (Anonymous)
၆:၅၅	MRTV-4 ကျန်းမာရေးကဏ္ဍ (နွေရာသီတွင်ဖြစ်ပွားတတ်သော ရောဂါများအကြောင်း)
၇:၀၅	ဖက်ရှင်လမ်းညွှန် (ဒီဇိုင်နာမေမျိုးသူနှင့်တွေ့ဆုံခြင်း)
၇:၂၅	FMF Selection
၈:၀၀	MRTV-4 သတင်း
၈:၃၀	VJ Choice
၉:၀၀	သူတို့ပြောတဲ့သူတို့အကြောင်း ဟာသသရုပ်ဆောင် ကောင်းကျော်နှင့် တွေ့ဆုံခြင်း
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၆၈)
၁၀:၀၀	ဂီတသမားတို့ရဲ့ ရင်ခုန်သံများ (Anonymous)
၁၀:၂၀	MRTV-4 ကျန်းမာရေးကဏ္ဍ (နွေရာသီတွင်ဖြစ်ပွားတတ်သော ရောဂါများအကြောင်း)
၁၀:၃၀	လှပသစ်ဆန်းအလှပြင်ခန်း (Lake Beauty Spa)
၁၀:၄၅	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၀:၅၅	မြေလတ်ဒေသ၏ လက်ဆောင်
၁၁:၀၀	နေရောင်ခြည်မှသည် လျှပ်စစ်စွမ်းအင်ဆီသို့
၁၁:၂၀	**အသက်ကလေးရယ်တဲ့ရှည်စေလို** ဦးအောင်လွင်၊ ဦးကြည်စိုး၊ ၄က်ပျောကြော်၊ ထင်ပေါ်၊ မေထွဋ်ခေါင်၊ မျိုးမျိုးခိုင် (ဒါရိုက်တာ-ကြည်စိုး)
၁၁:၃၀	သဖန်းဆိပ်ဘက်စုံရေလှောင်တမံ
၁၁:၄၀	ကွင်းမြေစမ်းသပ်ခြင်းနှင့် မြေနမူနာရယူခြင်းလုပ်ငန်း
၁၁:၅၀	ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁:၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အဘူခါရက်အကြမ်းဖက်စခန်း ဖိလစ်ပိုင်တပ်ဖွဲ့ သိမ်းပိုက်

ဇမ်ဘိုအန်ဂါစီးတီး ဧပြီ ၁

ဖိလစ်ပိုင်အစိုးရတပ်များသည် ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းရှိ အဘူခါရက်အကြမ်းဖက်အုပ်စုအား မတ် ၂၉ရက်က လေကြောင်းနှင့်ကုန်းကြောင်းတိုက်ပွဲများ ဆင်နွှဲခဲ့ကြောင်း၊ ယင်းအဘူခါရက်အကြမ်းဖက်အဖွဲ့၏ စခန်းများအနက် စခန်းတစ်ခုကို သိမ်းပိုက်လိုက်နိုင်ကြောင်း ဖိလစ်ပိုင်စစ်ဘက်အရာရှိများက မတ် ၂၉ရက်၌ ပြောကြားသည်။

ဖိလစ်ပိုင်အစိုးရကြည်းတပ်က ဆူလူပြည်နယ် ပါတီကူးမြို့နယ် ကျေးရွာတစ်ရွာ၌ အဘူခါရက်အကြမ်းဖက်အဖွဲ့ ခေါင်းဆောင် ရာနူးလင်ဆာဟီရွန် ပုန်းအောင်းရာနေရာသို့ ထိုးဖောက်တိုက်ခိုက်ခဲ့ကြောင်းလည်း ဆက်လက်ပြောကြားသည်။

သယ်ယူ

ပစ်ခတ်တိုက်ခိုက်မှုများ မွန်းလွဲပိုင်းအထိ ဆက်လက်ဖြစ်ပွားနေကြောင်း၊ အဘူခါရက်အကြမ်းဖက်သမားတစ်ဦး၏အလောင်းတစ်လောင်းကို တွေ့ရှိရကြောင်း၊ အချို့ကိုမူ စစ်သွေးကြွများ သယ်ယူသွားကြကြောင်းလည်း ပြောကြားသည်။

ပြောကြား

တိုက်ပွဲမှာ ပြင်းထန်ကြောင်း၊ အမ်ဂျီ-၅၂၀အမျိုးအစား အမြောက်တင်ရဟတ်ယာဉ်နှစ်စင်းဖြင့် လေကြောင်းမှ ကူညီတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ရကြောင်း၊ အဘူခါရက် အကြမ်းဖက်သမားများစခန်းကို အမြောက်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရကြောင်းဖြင့်လည်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

လေအားလျှပ်စစ်စက်ရုံ

တရုတ်နိုင်ငံ ရှန်ဒေါင်းပြည်နယ် ဘင်ကျိုမြို့ရှိ လေအားလျှပ်စစ်စက်ရုံ တစ်နေရာကို မတ် ၃၁ ရက်က တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

စွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး မက္ကဆီကိုနှင့်နယူးဇီလန်ချုပ်ဆို

ကန်ကွန် ဧပြီ ၁

မက္ကဆီကိုနှင့် နယူးဇီလန်နိုင်ငံတို့သည် အစားထိုးလောင်စာစွမ်းအင်ထုတ်လုပ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ အတူတကွ ပူးပေါင်းဆောင်ရွက်ကြရေးအတွက် သဘောတူစာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးချုပ်ဆိုလိုက်ကြကြောင်း မက္ကဆီကိုစွမ်းအင်ဝန်ကြီးဌာနက မတ် ၂၉ရက်တွင် ကြေညာချက်တစ်ရပ် ထုတ်ပြန်လိုက်သည်။

မှတ်ချက်ပြု

မက္ကဆီကိုနိုင်ငံသည် နယူးဇီလန်နှင့် သဘောတူစာချုပ်သုံးရပ် ချုပ်ဆိုထားကြောင်း၊ ပထမဦးဆုံး ၁၉၈၃ခုနှစ်တွင် သိပ္ပံနှင့်နည်းပညာ သုတေသနဆိုင်ရာ သဘောတူစာချုပ်ချုပ်ဆိုခဲ့ပြီး ၁၉၉၉ခုနှစ်တွင် လေကြောင်းပို့ဆောင်ရေးသဘောတူစာချုပ်နှင့် ၂၀၀၆ခုနှစ်တွင် အခွန်အတုတ်ဆိုင်ရာ သတင်းဖလှယ်ရေးစာချုပ်တို့ကို ချုပ်ဆိုခဲ့ကြောင်း သိရသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

အီရန်နိုင်ငံ နျူကလီးယားအစီအစဉ် တရုတ်နှင့်အီရန် အဓိကထားဆွေးနွေး

တီဟီရန် ဧပြီ ၁

အီရန်နိုင်ငံ၏ ထိပ်တန်းနျူကလီးယားညှိနှိုင်းရေးမှူး ဆာအိဂျာလီလီသည် အီရန်နိုင်ငံ၏ နျူကလီးယားလုပ်ငန်းအပါအဝင် ကိစ္စရပ်အများအပြားကို ဆွေးနွေးညှိနှိုင်းနိုင်ရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မတ် ၃၁ရက်က ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

အီရန်ထိပ်တန်း နျူကလီးယား ညှိနှိုင်းရေးမှူး ဆာအိဂျာလီလီ။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်ဒိုင်ပင်ကို၏ ဖိတ်ကြားချက်အရ ထိုခရီးကိုသွားရောက်စဉ်အတွင်း ဆာအိဂျာလီလီသည် တရုတ်အစိုးရ အဆင့်မြင့်အရာရှိကြီးများနှင့် တွေ့ဆုံကာ နှစ်ဦးနှစ်ဖက်စိတ်ဝင်စားသည့်ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းကြောင်း၊ ယင်းသို့ဆွေးနွေးညှိနှိုင်းရာတွင် အီရန်နျူကလီးယားအစီအစဉ်ကို အဓိကထားဆွေးနွေးကြောင်းဖြင့်လည်း အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြသည်။

အီရန်နိုင်ငံသည် နျူကလီးယားထုတ်လုပ်ရေးအတွက် ကြိုးပမ်းနေသည်ဟု စွပ်စွဲထားသည့် အမေရိကန်နိုင်ငံသည် အီရန်နိုင်ငံအား ကုလသမဂ္ဂလုံခြုံရေးကောင်စီက ပိတ်ပင်အရေးယူမှုပြုလာအောင် လုံးပန်းနေသည်ဟုဆိုသည်။ **(အင်တာနက်)**

အာဖဂန်နစ္စတန်ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေး (ဂျီ-၈) နိုင်ငံခြားရေးဝန်ကြီးများ ထောက်ခံ

အော့တဝါ ဧပြီ ၁

စက်မှုဖွံ့ဖြိုးပြီး ရှစ်နိုင်ငံအုပ်စု (ဂျီ-၈) နိုင်ငံခြားရေးဝန်ကြီးများက ကနေဒါနိုင်ငံ ဂါတင်နီယူမြို့တွင် မတ် ၃၁ ရက်က ကြေညာချက်တစ်ရပ်ထုတ်ပြန်သည်။

အတည်ပြု

ယင်းကြေညာချက်တွင် အာဖဂန်နစ္စတန်နိုင်ငံ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအတွက် စုပေါင်းတာဝန်ယူကြမည့်ကိစ္စကို ထပ်လောင်းအတည်ပြုလိုက်ကြသည်။

မှတ်ချက်ပြု

အာဖဂန်နစ္စတန်အနေဖြင့် စီးပွားရေးပြန်လည်ဦးမော့လာပြီး တိုးတက်မှုရှိခဲ့သော်လည်း အာဖဂန်ပြန်လည်တည်ဆောက်ရေးကြိုးပမ်းမှုများကို ဟန့်တားနေသည့်စိန်ခေါ်မှုများ ယခုတိုင်ရှိနေသေးသည်ဟု နိုင်ငံခြားရေးဝန်ကြီးများက မှတ်ချက်ပြုသည်။

ဖော်ပြထား

အာဖဂန်လူမျိုးအများစုသည် ဆင်းရဲတွင်းနက်လျက်ရှိနေပြီး လုံခြုံမှုမရှိ၊ ခြစားမှုနှင့် စီးပွားရေး အခွင့်အလမ်းများနည်းပါးသည့်ပြဿနာများဖြင့် ရင်ဆိုင်နေရကြောင်း၊ အာဖဂန်နစ္စတန်နိုင်ငံ ပြန်လည်တည်ဆောက်ရေးတွင် ကိုယ်တိုင်ဦးဆောင်ရန်လိုကြောင်း စသည်ဖြင့် ကြေညာချက်တွင် ဖော်ပြထားသည်။

ကြေညာ

အာဖဂန်ပြည်သူများအနေဖြင့်အုပ်ချုပ်မှု၊ ဖွံ့ဖြိုးမှုနှင့် မိမိနိုင်ငံလုံခြုံမှုအတွက် အပြည့်အဝ တာဝန်ယူနိုင်စွမ်းရှိစေရန် နိုင်ငံတကာ မိသားစုက ဆက်လက်ထောက်ခံရန် လိုအပ်သည်ဟု ကြေညာချက်တွင် ပါရှိသည်။ **(အင်တာနက်)**

အီရန်လေယာဉ်ခရီးစဉ်များ ဥရောပသို့ ပြန်လည်ပျံသန်းခွင့်ရရှိ

တီဟီရန် ဧပြီ ၁

အီရန်လေကြောင်းလိုင်းသည် ဥရောပလေကြောင်းထိန်းသိမ်းရေးကော်မတီထံမှ ဥရောပသို့ လေယာဉ်ခရီးစဉ်များ ပြန်လည်ပျံသန်းရန် ခွင့်ပြုချက်ကို ရရှိပြီဖြစ်ကြောင်း အီရန်အမျိုးသားလေကြောင်း သယ်ယူပို့ဆောင်ရေး မန်နေဂျင်းဒါရိုက်တာ ဖလတ်ပါဇာရက်စ်က မတ် ၃၁ရက်တွင် ထုတ်ဖော်ပြောကြားသည်။

လျှော့ချ

ဥရောပသမဂ္ဂ(အီးယူ)သည် နိုင်ငံတကာလေကြောင်းလုံခြုံရေး အဆင့်မမီသည့်အတွက် ဖိလစ်ပိုင်နှင့် ဆူဒန်လေကြောင်းခရီးစဉ်များ ဥရောပဒေသသို့ ပျံသန်းပြေးဆွဲခွင့်အားလုံးကို တားမြစ်ပိတ်ပင်ထားခဲ့သည်။ ထို့ပြင် အီရန်လေကြောင်းခရီးစဉ်များကိုလည်း လျှော့ချခဲ့သည်ဟု ဆိုသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို မတ် ၃၁ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

စင်ကာပူ၌ ကုန်တင်လေယာဉ်ခရီးစဉ် လေကြောင်းလိုင်းသစ်ပြေးဆွဲ

စင်ကာပူ ဧပြီ ၁

စင်ကာပူနိုင်ငံတွင် ကုန်ပစ္စည်းများပို့ဆောင်ပေးမည့် ထရမ်စမိုင်းလေကြောင်းလိုင်းကို စင်ကာပူ ချန်ဂီလေဆိပ်အာဏာပိုင်များက မတ် ၂၉ရက်တွင် ကြိုဆိုပွဲကျင်းပကြောင်း သိရှိရသည်။

လျှင်မြန်ချောမွေ့

ယင်းလေကြောင်းလိုင်းသည် စင်ကာပူနိုင်ငံနှင့် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့သို့ တစ်ပတ်ခရီးစဉ်ခြောက်ခေါက်နှုန်း ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

တိုးတက်

၂၀၁၀ခုနှစ် ပထမနှစ်လတွင် ယမန်နှစ်ထိုကာလကထက် ကုန်ပစ္စည်းတန်ချိန် ၁၈ဒသမ ၄ရာခိုင်နှုန်း ပိုမိုပို့ဆောင်ပေးနိုင်ခဲ့သည်။ ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလတွင် တန်ချိန် ၁၃၀၀၀၀အထိပို့နိုင်ပြီး ၁၆ဒသမ ၂ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း ချန်ဂီလေဆိပ်အာဏာပိုင်များက ပြောကြားသည်။

(အင်တာနက်)

ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံများ တည်ဆောက်ရန် ဘရာဇီးနိုင်ငံစီစဉ်

ရီယိုဒီဂျနေးရိုး ဧပြီ ၁

ဘရာဇီးနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြင့်တင်ရေးအစီအစဉ် (ပီအေစီ) အရ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၅၄ရုံ တည်ဆောက်သွားမည်ဖြစ်ကြောင်း ဘရာဇီးနိုင်ငံက မတ် ၂၉ရက်၌ သတင်းထုတ်ပြန်သည်။

ထုတ်လုပ်

အဆိုပါ ဓာတ်အားပေးစက်ရုံများသည် လျှပ်စစ်ဓာတ်အား စုစုပေါင်းမဂ္ဂါဝပ် ၄၇၈၀၀ ထုတ်လုပ်သွားနိုင်မည်ဖြစ်ကြောင်း ဘရာဇီးသမ္မတလူဝစ်အင်နာစီယို လူလာဒါဆီးလ်ဗားက ပြောကြားသည်။

ဓာတ်အားပေးစက်ရုံ ၅၄ ရုံအနက် ၁၀ ရုံမှာ ပင်လယ်ပြင်ရေနံတူးစင်ပုံစံမျိုးဖြစ်ကြောင်း၊ အမေဇုန်ဒေသတွင် စခန်းချတည်ဆောက်သွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်စဉ် ပတ်ဝန်းကျင်ထိခိုက်မှုလျော့နည်းအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေဆင်ဟွာ

အမေရိကန်ရေတပ်မှတိုက်လေယာဉ် အာရေဗျပင်လယ်အတွင်း ပျက်ကျ

ရီယာ့ဒ် ဧပြီ ၁

အမေရိကန်ရေတပ် ရေဒါတိုက်လေယာဉ်တစ်စင်း အာရေဗျပင်လယ်အတွင်းသို့ မတ် ၃၁ရက်က ပျက်ကျသွားကြောင်း ဘာရိန်းအခြေစိုက် အမေရိကန်ရေတပ်က ပြောကြားသည်။

ပျက်ကျ

ပင်လယ်တွင်းပျက်ကျသည့် လေယာဉ်မှာ ယူအက်စ်အက်စ်ဒွိုက် အိုက်ဆင်ဟောင်ဝါ လေယာဉ်တင်သင်္ဘောမှ အီး-၂စီ ဟော်ကီယီ ရေဒါတိုက်လေယာဉ်တစ်စင်းဖြစ်ပြီး မြောက်အာရေဗျပင်လယ်စစ်ဆင်ရေးအတွင်း မတ် ၃၁ ရက် မွန်းလွဲ ၂နာရီက ပင်လယ်ပြင်တွင် ပျက်ကျခြင်းဖြစ်သည်။ ယင်းလေယာဉ်မှာ အဆိုပါစစ်ဆင်ရေးတွင် သွားရောက်တိုက်ခိုက်ပြီး အပြန်ခရီးတွင် စက်ချွတ်ယွင်းကာ ပျက်ကျသွားသည်ဟု ဆိုသည်။

စုံစမ်းစစ်ဆေး

အဆိုပါလေယာဉ်ပေါ်၌ တပ်ဖွဲ့ဝင် လေးဦးလိုက်ပါလာပြီး တပ်ဖွဲ့ဝင်သုံးဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း၊ တစ်ဦးမှာ ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပါကစ္စတန် အနောက်မြောက်ပိုင်းဒေသ လေကြောင်းမှတိုက်ခိုက် စစ်သွေးကြွ ၃၁ဦးသေဆုံး

အစ္စလမ္မာဘတ် ဧပြီ ၁

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း အိုရက်ဇိုင်ဒေသတွင် လေကြောင်းတိုက်ခိုက်မှုကြောင့် စစ်သွေးကြွ ၃၁ဦး ထက်မနည်း သေဆုံးကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ပစ်ခတ်

ပါကစ္စတန် လုံခြုံရေးတပ်ဖွဲ့ဝင်များက ထိုဒေသနေရာအနှံ့တွင် စစ်ဆင်ရေးများ ပြုလုပ်လျက်ရှိပြီး ဂျက်တိုက်လေယာဉ်များက စစ်သွေးကြွများ၏ စခန်းများကို မတ် ၃၀ရက်၌ လက်နက်ကြီးများဖြင့် ပစ်ခတ်ကြသည်ဟု ရဲတပ်ဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များက ရုပ်မြင်သံကြားသတင်းဌာနသို့ ပြောကြားသည်။

ပေါ်ပေါက်

ပါကစ္စတန်တပ်ဖွဲ့ဝင်များက အနောက်မြောက်ပိုင်း လူမျိုးစုများနေထိုင်ရာ ဒေသတွင် စစ်သွေးကြွများအား တိုက်ခိုက်သဖြင့် ၂၈ဦးသေဆုံးသည်ဟု ပြောကြားပြီးသည့်နောက် ဖော်ပြပါဖြစ်ရပ် ပေါ်ပေါက်လာခြင်းဖြစ်သည်။

ပျက်စီး

ယင်းတိုက်ခိုက်မှုကြောင့် စစ်သွေးကြွလေ့ကျင့်ရေးစခန်းတစ်ခု ပျက်စီးသွားကြောင်း သိရသည်။ **(အင်တာနက်)**

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည်-စုစည်းသည်

ကမ္ဘောဒီးယားဘုရင် တရုတ်မှ ပြန်လည်ရောက်ရှိ

ကမ္ဘောဒီးယားဘုရင် နိုရိုဒွန်စီဟာမိုနီသည် ခမည်းတော် ကမ္ဘောဒီးယားဘုရင်ဟောင်း သီဟာနုနှင့် မယ်တော် ကမ္ဘောဒီးယားမိဖုရားဟောင်း နိုရိုဒွန်မိုနိုနက်စီဟာနွတ်တို့နှင့်အတူ တရုတ်နိုင်ငံမှ ကမ္ဘောဒီးယားနိုင်ငံသို့ ဧပြီ ၁ရက်က ပြန်လည်ရောက်ရှိလာကြောင်း ကမ္ဘောဒီးယားအရာရှိများက ပြောကြားသည်။

ရုရှားတောင်ပိုင်း၌ ဗုံးပေါက်ကွဲမှု ထပ်မံဖြစ်ပွား

ရုရှားနိုင်ငံတောင်ပိုင်း ကီဇ်ယာမြို့၌ ဧပြီ ၁ရက်က ဗုံးပေါက်ကွဲမှုများဖြစ်ပွားရာ ၁၁ဦးသေဆုံးခဲ့ကြောင်း၊ လမ်းဘေးဗုံးပေါက်ကွဲမှုနှင့် အသေခံဗုံးခွဲတိုက်ခိုက်မှုတို့ကြောင့် ဖြစ်ကြောင်း ရုရှားရဲတပ်ဖွဲ့က ဧပြီ ၁ရက်၌ပြောကြားသည်။

အာဖဂန်တောင်ပိုင်း၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွား

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဟယ်လ်မန်ပြည်နယ် ဘာဘာဂျေခရိုင်နှင့် မာလ်ဂျီရာခရိုင်အကြားတွင် ဧပြီ ၁ရက်က စက်ဘီးဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ၁၇ဦးသေဆုံးခဲ့ကြောင်း အာဖဂန်ရဲတပ်ဖွဲ့အရာရှိများက ပြောကြားသည်။

အီရန်နှင့်တူရကီ ရထားလမ်း ဖောက်လုပ်မည်

အီရန်နှင့် တူရကီနှစ်နိုင်ငံတို့သည် ရထားလမ်းဆက်သွယ်ဖောက်လုပ်ရန် စီစဉ်လျက်ရှိကြောင်း၊ ယင်းရထားလမ်းသည် ပါကစ္စတန်-တူရကီ-အီရန်ရထားလမ်းစီမံကိန်း၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ကြောင်း တူရကီအရာရှိများက ဧပြီ ၁ရက်၌ ပြောကြားသည်။

ဆိုမာလီကမ်းလွန်၌ ဖိလစ်ပိုင်သင်္ဘော အပိုင်စီးခံရ

ဆိုမာလီကမ်းလွန်ပင်လယ်ပြင်တွင် ဧပြီ ၁ရက်က ဖိလစ်ပိုင်ကုန်တင်သင်္ဘောတစ်စင်းကို ဆိုမာလီဓားပြများက အပိုင်စီးသွားခဲ့ကြောင်း၊ သင်္ဘောပေါ်၌ သင်္ဘောသား ၂၄ဦးပါရှိကြောင်း သတင်းထုတ်ပြန်သည်။

တရုတ်နှင့်ဂျပန် ဘဏ္ဍာရေးဝန်ကြီးနှစ်ဦး ဆွေးနွေး

တရုတ်နှင့်ဂျပန်နိုင်ငံတို့မှ ဘဏ္ဍာရေးဝန်ကြီးနှစ်ဦးတို့သည် ဧပြီ ၁ရက်က ပေကျင်းမြို့၌တွေ့ဆုံကာ ဒေသတွင်းနှင့် ကမ္ဘာ့စီးပွားရေးအခြေအနေများကို တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

တရုတ်နိုင်ငံ ဟူနန်ပြည်နယ်၌ အဆောက်အအုံမီးလောင်

တရုတ်နိုင်ငံ ဟူနန်ပြည်နယ် ချန်ရှာမြို့၌ ဧပြီ ၁ရက်က ငါးထပ်လူနေအဆောက်အအုံ မီးလောင်မှုဖြစ်ပွားခဲ့ရာ လေးဦးသေဆုံးပြီး အချို့ဒဏ်ရာရရှိခဲ့ကြောင်း၊ အဆောက်အအုံ အများအပြား ပျက်စီးခဲ့ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

(အောက်ပုံ)

အီဂျစ်နှင့် ဂါဇာနယ်စပ်၌ ဥမင်လိုဏ်ခေါင်းများ တွေ့ရှိ

အီဂျစ်နိုင်ငံနှင့် ပါလက်စတိုင်း ဂါဇာကမ်းမြောင်ဒေသသို့ မြေအောက်မှဆက်သွယ်ဖောက်လုပ်ထားသော မှောင်ခိုပစ္စည်းများသယ်ထုတ်ရာ ဥမင်လိုဏ်ခေါင်း ၁၀ခုကို အီဂျစ်ရဲတပ်ဖွဲ့အရာရှိများက ဧပြီ ၁ရက်၌ ရှာဖွေတွေ့ရှိခဲ့ကြောင်း သတင်းထုတ်ပြန်သည်။

ကမ္ဘာ့ဈေးကွက်၌ ဒေါ်လာတန်ဖိုး အနည်းငယ်မြင့်တက်

ကမ္ဘာ့ဈေးကွက်တွင် အမေရိကန်ဒေါ်လာတန်ဖိုးများ အနည်းငယ်မြင့်တက်လျက်ရှိရာ ဂျပန်ဈေးကွက်၌ ဧပြီ ၁ရက်ဈေးပိတ်ချိန်၌ ဂျပန်ယန်းငွေ ၉၃ယန်းလျှင် အမေရိကန်တစ်ဒေါ်လာတန်ဖိုးရှိကြောင်း ဂျပန်အရာရှိများက ပြောကြားသည်။

(အင်တာနက်)

နှင်းဆီကုန်း ဘိုးဘွားရိပ်သာသို့ ငွေပဒေသာပင် လှူဒါန်း

ရန်ကုန် ဧပြီ ၁

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့က ဗဟန်းမြို့နယ်ရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ ငွေပဒေသာပင်လှူဒါန်းခြင်း၊ အထူးအာဟာရကျွေးမွေးခြင်း၊ ဆေးနှင့် မျက်မှန်လှူဒါန်းခြင်းအခမ်းအနားကို မတ် ၂၉ရက် နံနက် ၉နာရီက ဘိုးဘွားရိပ်သာ၌ ကျင်းပသည်။

လှူဒါန်း

အခမ်းအနားတွင် ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေးနှင့် အဖွဲ့ဝင်များက နှင်းဆီကုန်းဘိုးဘွားရိပ်သာဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)ထံ ငွေပဒေသာပင် ကျပ်လေးသိန်းလှူဒါန်းပြီး ဘိုးဘွား ၁၈၃ဦးအား လှူဖွယ်များဖြင့် လှူဒါန်းကြသည်။ **(ယာပုံ)**ဆက်လက်၍ ဆေးရုံတက်ရောက်ကုသခံနေသော ဘိုးဘွားများအား ဆေး၊ အာဟာရနှင့်မျက်မှန်များ လှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ကလေးကိုယ်အလေးချိန်ကတ်ပြားနှင့် ပေါင်ချိန်စက်များ ပေးအပ်ပွဲ သဃ်ာန်းကျွန်း၌ကျင်းပ

ရန်ကုန် ဧပြီ ၁

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ လှူဒါန်းသော ကလေးကိုယ်အလေးချိန်ကတ်ပြားများ၊ ပေါင်ချိန်စက်များပေးအပ်ခြင်းနှင့် အာဟာရပညာပေးဟောပြောပွဲကို မတ် ၃၀ ရက် နံနက် ၉ နာရီက ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်ာန်းကျွန်းမြို့နယ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေးက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ထောက်ပံ့သည့် ပေါင်ချိန်စက်များနှင့် ကိုယ်အလေးချိန်ကတ်ပြားများကို ကျောက်တန်း၊ ခရမ်းနှင့်ရွှေပြည်သာမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများအား ပေးအပ်သည်။ **(ဝဲပုံ)**

ပေးအပ်

ဆက်လက်၍ ရန်ကုန်တိုင်း ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာလှမြင့်က ကျန်းမာရေးဦးစီးဌာန အာဟာရဌာနစိတ်မှ ထောက်ပံ့သည့် ပေါင်ချိန်စက်များကို လှည်းကူး (မြို့မ)၊ မင်းကုန်း၊ ခရမ်း(ဒေးပေါက်)၊ မှော်ဘီမြို့နယ် မိခင်နှင့်ကလေးသားဖွားခန်းများသို့ ပေးအပ်သည်။

အားပေး

ထို့နောက် ရန်ကုန်တိုင်း ဒုတိယတိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာဒေါ်ဝေမာထွန်းက အာဟာရပညာပေးဟောပြောသည်။ ယင်းနောက် တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေးနှင့်အဖွဲ့ဝင်များက ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ်နှင့် တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းများ၏ သရုပ်ပြ ချက်ပြုတ်မှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ (၁၂၁)

အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း သင်တန်းဆင်း

ရန်ကုန် ဧပြီ ၁

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ် ၁၃၅ ဓမ္မစေတီလမ်းရှိ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း၏ သင်တန်းအမှတ်စဉ်(၂/၂၀၁၀)သင်တန်းဆင်းပွဲအခမ်းအနားကို မတ် ၃၁ရက် နံနက် ၉နာရီခွဲက အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း လူမှုဝန်ထမ်းဦးစီးဌာန တိုင်းဦးစီးမှူး ဒုတိယ ညွှန်ကြားရေးမှူး ဦးတင်ဇော်မိုး တက်ရောက်အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

အဆိုပါသင်တန်းကဲ့သို့ ဧပြီအထူးသင်တန်းကို ဧပြီ ၁ရက်တွင် စတင်ဖွင့်လှစ်ပြီး အမှတ်စဉ် (၃/၂၀၁၀)သင်တန်းကို မေ ၃ ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။ မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ ဓာတ်ထိုးပန်းထိုး၊ ဘော်လီ၊ ဘောင်းဘီ၊ ကုတ်အင်္ကျီ၊ စင်တီမီတာ (စက်ချုပ်)၊ မုန့်မျိုးစုံ၊ မြန်မာ၊ တရုတ်အစားအစာ၊ သီးယို/ဆီစိမ်၊ စက်ကလေး၊ စက်ကြီးပန်းထိုး၊ သိုးမွေးစက်ထိုး၊ ပန်းပွင့်ပန်းခိုင်ပြုလုပ်နည်းသင်တန်းများ ဖွင့်လှစ်မည်ဖြစ်သည်။ **(လူမှုဝန်ထမ်း)**

အရိပ်ရပင်နှင့် ပန်းအလှပင်များ ပြုစုပျိုးထောင်

ရေနံချောင်း ဧပြီ ၁

ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ပျိုးဥယျာဉ်အတွင်း အရိပ်ရပင်နှင့် ပန်းအလှပင်များ ပြုစုပျိုးထောင်ထားရှိမှုကို မတ် ၉ရက်က အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်လွင်ကွင်းဆင်း စစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မေဇော်က ပျိုးပင်များ ပျိုးထောင်ထားရှိမှုကို ရှင်းလင်းတင်ပြကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**

အမျိုးသမီးအိမ်တွင်းမှု သင်တန်းကျောင်း သင်တန်းဆင်း

တီးတိန် ဧပြီ ၁

တီးတိန်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းခန်းမ၌ မတ် ၂၆ရက် နံနက် ၉နာရီက အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ် (၁၉/၂၀၀၉)၊ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၁၃/၂၀၀၉)၊ သိုးမွေးစက်ဆွဲ သင်တန်းအမှတ်စဉ် (၁၇/၂၀၀၉)နှင့် အိမ်တွင်းမှု ကြိမ်လက်မှု သင်တန်းအမှတ်စဉ်(၈/၂၀၀၉) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လှိုင်က အမှာစကားပြောကြားပြီး သင်တန်းထူးချွန်ဆုများကို မြို့နယ်ဥက္ကဋ္ဌနှင့်မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်အေးလှိုင်တို့က ဆုများချီးမြှင့်ကာ ကျောင်းအုပ်ကြီး ဒေါ်အေးအေးက သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

(မြို့နယ် ပြန်/ဆက်)

ပဲခူး-အထက်စီတီး(အနောက်) ကျေးလက်ဂဝံလမ်းသစ်ဖွင့် ရာသီမရွေး သွားလာအသုံးပြုနိုင်ပြီဖြစ်

ရန်ကုန် ဧပြီ ၁

ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော ပဲခူး-အထက်စီတီး (အနောက်) ကျေးလက်ဂဝံလမ်းသစ်ဖွင့်ပွဲကို မတ် ၂၅ရက် နံနက် ၈နာရီက အထက်စီတီး (အနောက်)ကျေးရွာတွင် ကျင်းပရာ ပဲခူးခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်

အခမ်းအနားတွင် ပဲခူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးခင်မောင်ဆွေ၊ ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

ရာသီမရွေး

အဆိုပါ လမ်းသစ် ဖောက်လုပ်ပေးခြင်းကြောင့် ပဲခူးမြစ်အရှေ့ဘက်ကမ်းနှင့်အနောက်ဘက်ကမ်းရှိ ကျေးရွာခုနစ်ရွာမှ ကျေးလက်နေပြည်သူများ ရာသီမရွေး ချောမွေ့စွာ သွားလာနိုင်ပြီ ဖြစ်သည်။**(မြို့နယ်စည်ပင်)**

2-4 (05).pmd 1 4/2/2010, 2:48 AM

မြန်မာ့ယဉ်ကျေးမှု၊ လူမှုဘဝကိုထင်ဟပ်စေမည့် Myanmar International ရုပ်သံလိုင်းထုတ်လွှင့်ပြီ

သတင်းမြင်ကွင်း - မြင့်မောင်စိုး   ဓာတ်ပုံမှတ်တမ်း - သတင်းထောက်လေးနွယ်(မဂ်လာဒုံ)   စာမျက်နှာဖွဲ့စည်းမှု - ခိုင်လွင် (မြန်မာ့အလင်း)

နေပြည်တော် ဧပြီ ၁

နိုင်ငံတစ်နိုင်ငံ၏ ဖြစ်ပေါ်တိုးတက်ပြောင်းလဲနေမှုများကို အချိန်နှင့်တစ်ပြေးညီ ကမ္ဘာက သိခွင့်ရရှိစေရန် မီဒီယာများ၏ ခေတ်မီဆန်းသစ်တီထွင်တင်ဆက်မှုများမှာ လွန်စွာအရေးကြီးလှပေသည်။

မီဒီယာများ၏ သွက်လက်ထက်မြက်သောတင်ဆက်မှုများမှတစ်ဆင့် ထိုနိုင်ငံ၏



Myanmar International ရုပ်သံလိုင်း၏လိုဂို အမှတ်တံဆိပ်။

စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးစသော ကဏ္ဍများ ကမ္ဘာ့ပြည်သူများအကြား ပျံ့နှံ့သွားပြီး အကျိုးဆက်ကောင်းများ ရရှိလာနိုင်ပေလိမ့်မည်။

တပ်မတော်အစိုးရလက်ထက်တွင် ပြန်ကြားရေးအခန်းကဏ္ဍ တိုးတက်ပြောင်းလဲလာရေးအတွက် လိုအပ်သော တီထွင်

“Myanmar International ရုပ်သံလိုင်း ဖွင့်လှစ်ပေးနိုင်မှုအတွက် စာရေးဆရာတစ်ဦးအနေနဲ့ဂုဏ်ယူမိပါတယ်”
မောင်သစ်မင်း
စာရေးဆရာ။

ဆန်းသစ်မှုများ တစ်ခုပြီးတစ်ခု၊ တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်ဖြည့်ဆည်းပေးနိုင်ခဲ့သဖြင့် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများကို ပြည်တွင်းသာမက ကမ္ဘာ့နိုင်ငံများကပင် သိရှိခွင့်ရရှိနေပြီ ဖြစ်သည်။

မြန်မာနိုင်ငံ၏ ပကတိ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ၊ သဘာဝသယံဇာတအရင်းအမြစ်များ ပေါကြွယ်ဝမှုကို ထင်ဟပ်ထုတ်လွှင့်ပေးနိုင်မည့် Myanmar International ရုပ်သံလိုင်းကို မတ် ၃၁ ရက်က စတင်ပြီး ထုတ်လွှင့်ပေးလျက်ရှိသည်။

သတင်းအဖွဲ့သည် အဆိုပါ Myanmar International ရုပ်သံလိုင်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကာ တာဝန်ရှိသူအချို့နှင့် တွေ့ဆုံမေးမြန်းခွင့်ရရှိခဲ့သည်။

“ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ မြန်မာနိုင်ငံရဲ့ ပကတိဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများကို ကမ္ဘာက ပိုမိုသိရှိလာဖို့ ရည်ရွယ်ပြီး ၂၀၀၁ ခုနှစ်မှာ MRTV-3 ဌာနခွဲကို ဖွဲ့စည်းပြီးတော့ နိုင်ငံတကာ ရုပ်သံလိုင်းအဖြစ် ကမ္ဘာသို့ လွှမ်းခြုံထုတ်လွှင့်ပေးခဲ့ပါတယ်။ အခုအခါမှာတော့ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက လက်ရှိထုတ်လွှင့်လျက်ရှိတဲ့ MRTV-3 အစီအစဉ်များကို အသွင်သဏ္ဌာန်ရော အနှစ်သာရပါ ပြောင်းလဲပြီးတော့ Myanmar International ရုပ်သံလိုင်းအဖြစ် ၂၀၁၀ ခုနှစ် မတ် ၃၁ ရက်က စပြီး ထုတ်လွှင့်ပေးလျက်ရှိပါတယ်”ဟု မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV -3 ဌာနခွဲ ညွှန်ကြားရေးမှူး ဦးဝင်းကြည်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

"Myanmar International ရုပ်သံလိုင်း စတင်မထုတ်လွှင့်မီ Soft Launch (စမ်းသပ်ထုတ်လွှင့်မှု ကာလ) အဖြစ် ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်မှ စပြီး ဆောင်ရွက်ခဲ့ပါတယ်။ ဒီစမ်းသပ်ထုတ်လွှင့်မှု ကာလအတွင်း Myanmar International ရုပ်သံလိုင်းမှာ နိုင်ငံတကာသတင်းနှင့် ပြည်တွင်းသတင်းများ၊ အသွင်သဏ္ဌာန်နှင့် အနှစ်သာရ ပြောင်းလဲထုတ်လုပ်ထားတဲ့ Documentary မှတ်တမ်းအစီအစဉ်များ ထုတ်လွှင့်ခဲ့ပြီး ဒီမှတ်တမ်းအစီအစဉ်များမှာ မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ သမိုင်းကြောင်းများ၊ ယဉ်ကျေးမှုဓလေ့

“Myanmar International ရုပ်သံလိုင်း ဖွင့်လှစ်ပေးနိုင်မှုအတွက် ဝမ်းသာပီတိ ဖြစ်ရပါတယ်” ကေကေမိုးမြင့်
ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်။

ထုံးစံများ၊ သဘာဝရှုခင်းအလှများ ပါဝင်ထည့်သွင်းထုတ်လွှင့်ခဲ့တာ ဖြစ်ပါတယ်။ Current Affairs လို့ခေါ်တဲ့ သတင်းများကို တိုတိုနဲ့ လိုရင်းသာ ထုတ်ပြန်ပြီး မြန်မာနိုင်ငံရဲ့ ဖြစ်ပေါ်တိုးတက်မှုများကို ထင်ဟပ်စေမယ့် အစီအစဉ်များ ထုတ်လွှင့်ပေးခဲ့ပါတယ်”ဟု ဦးဝင်းကြည်က ဆက်လက်ရှင်းပြသည်။

အဆိုပါ အစီအစဉ်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV-3 ဝန်ထမ်းများနှင့် ရွှေသံလွင်ကုမ္ပဏီတို့မှ ကျွမ်းကျင်

Myanmar International ရုပ်သံလိုင်း ဖွင့်ပွဲ အခမ်းအနားတွင် အစီအစဉ်တင်ဆက်သူများအဖြစ်ပါဝင်ခဲ့ကြသော ပီတာ (ဝဲ)နှင့် ဆိုဖီတို့အား ဤသို့ အမှတ်တရ ....။

“Myanmar International ရုပ်သံလိုင်းဟာ အသွင်သဏ္ဌာန်နှင့် အနှစ်သာရကို ဖော်ဆောင်ပေးမယ့် ရုပ်သံလိုင်းဖြစ်ပါတယ်”
ဦးဝင်းကြည်
ညွှန်ကြားရေးမှူး
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV-3 ဌာနခွဲ။

သူများ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၁၀ ခုနှစ် မတ် ၃၁ ရက်မှ စတင်၍ Myanmar International ရုပ်သံလိုင်းကို ပုံမှန်ထုတ်လွှင့်မှု Hard Launch အဖြစ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းအဖွဲ့သည် Myanmar International ရုပ်သံလိုင်းဖွင့်လှစ်နိုင်မှုနှင့် စပ်လျဉ်းပြီး ရုပ်ရှင်အနုပညာရှင် အချို့၏ အမြင်ကိုလည်း စေ့ငုခဲ့ပါသေးသည်။

ရှေးဦးစွာ စာရေးဆရာ မောင်သစ်မင်းနှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။ “ကျွန်တော့်အနေနဲ့ ဒီရုပ်သံလိုင်း ဖွင့်လှစ်နိုင်မှုနဲ့ပတ်သက်ပြီးပြောရရင် ကျွန်တော်တို့ရဲ့သီချင်းတွေ၊ ဂီတ အနုပညာတွေ ဒီ Myanmar International ရုပ်သံလိုင်းမှ တစ်ဆင့် ကမ္ဘာကိုဖြန့်ကြက်ထုတ်လွှင့်ပေးနိုင်တော့မှာမို့ ဝမ်းသာဂုဏ်ယူမိပါတယ်” ဟု ရှင်းပြသည်။

ဆုရွှန်းလဲ့

“သမီးအနေနဲ့ကတော့ ဒီ Myanmar International ရုပ်သံလိုင်းမှာ မြန်မာ့ရုပ်ရှင်နဲ့ ဗီဒီယိုကားကောင်းတွေ ရွေးချယ်ပြီး အင်္ဂလိပ်စာတန်းထိုး ထုတ်လွှင့်ပေးမယ်လို့ သိရတဲ့အတွက် ဝမ်းသာမိပါတယ်”ဟု ပြောကြားသည်။

ကေကေမိုးမြင့်

“သမီးအနေနဲ့ကတော့ ဒီ Myanmar International ရုပ်သံလိုင်းသစ်မှာ အင်္ဂလိပ်စာတန်းထိုး ဖော်ပြမယ့် ရုပ်ရှင်နှင့် ဗီဒီယိုကားများမှာ ပါဝင်သရုပ်ဆောင်သူ ဖြစ်ခဲ့

“Myanmar International ရုပ်သံလိုင်းမှာ သမီးပါဝင်တဲ့ ဇာတ်ကားတွေ ထုတ်လွှင့်ပေးမယ်ဆိုရင် ဝမ်းသာပီတိ ဖြစ်ရမှာပါ”
မိုးယုစံ
ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်။

မယ်ဆိုရင် ပိုပြီးဝမ်းသာမိမှာပါ”ဟု ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် ကေကေမိုးမြင့်က မြန်မာ့အလင်းသို့ ပြောကြားသည်။

အလားတူ ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် မိုးယုစံကလည်း Myanmar International ရုပ်သံလိုင်း ဖွင့်လှစ်နိုင်မှုနှင့် ပတ်သက်ပြီး ဤသို့ ဝမ်းသာစကားဆိုသည်။

“သမီးလက်ရှိ ဗီဒီယိုကား ၄၀၊ ရုပ်ရှင်ကားကြီးနှစ်ကား ရိုက်ပြီးပါပြီ။ ဒီ Myanmar International ရုပ်သံလိုင်း အစီအစဉ်မှာ သမီး ပါဝင်သရုပ်ဆောင်ထားတဲ့ဇာတ်ကားတွေ ထုတ်လွှင့်ပေးမယ်ဆိုရင် ဝမ်းသာပီတိ ဖြစ်ရမှာပါ” ဟု ရှင်းပြသည်။

“မြန်မာ့ရုပ်ရှင်နဲ့ ဗီဒီယိုကားတွေ Myanmar International ရုပ်သံလိုင်းမှာ အင်္ဂလိပ်စာတန်းထိုး ဖော်ပြပေးမယ်လို့ သိရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်” ဆုရွှန်းလဲ့
ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်။

Myanmar International ရုပ်သံလိုင်းအစီအစဉ်များကို ဖမ်းယူကြည့်ရှုနိုင်သည့် ဒေသများမှာ မြောက်အမေရိကဒေသ၊ ဥရောပဒေသ၊ ဩစတြေးလျနှင့် နယူးဇီလန်ဒေသ၊ တရုတ်နှင့် အိန္ဒိယဒေသ၊ အင်ဒိုချိုင်းနား ဒေသတို့ဖြစ်ပြီး နိုင်ငံတကာ ပရိသတ်များ အနေဖြင့် ၂၄နာရီပတ်လုံး ကြည့်ရှုနိုင်ရေးအတွက် ကမ္ဘာတစ်ဝန်း လွှမ်းခြုံထုတ်လွှင့်ရန် စီစဉ်ထားကြောင်း၊ ပြည်တွင်းပရိသတ်များအတွက်မူ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နံနက်ပိုင်း အစီအစဉ်များအပြီး နံနက် ၉နာရီမှ ၁၁နာရီအထိ ဆက်လက်ထုတ်လွှင့်ပေးလျက်ရှိကြောင်း သိရသည်။

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အနေဖြင့် အသွင်သဏ္ဌာန်နှင့် အနှစ်သာရရှိသည့် Myanmar International ရုပ်သံလိုင်းကို ဖွင့်လှစ်ပေးနိုင်မှုကြောင့် မြန်မာ့ယဉ်ကျေးမှုလူမှုဘဝကို ထင်ဟပ်စေမည့်အပြင် မြန်မာနိုင်ငံ၏ ပကတိဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများကို ကမ္ဘာက မျက်ဝါးထင်ထင် ကြည့်ရှုလေ့လာနိုင်တော့မည်ဖြစ်ပါကြောင်း။ ။

(မြန်မာ့အလင်း)

ယခုအပတ် ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် ဧပြီ ၁

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၆)၊ အမှတ်(၁၃)တွင် အပတ်စဉ်ပါနေကျဖြစ်သော "Political Times"အထူးအချပ်ပို အပါအဝင် ၂၀၁၀ရွေးကောက်ပွဲနှင့် မီဒီယာ၏ အရေးပါမှု မျက်နှာဖုံးသုံးသပ်ဆောင်းပါး၊ ၂၀၁၀ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် ပြင်ဆင်နေသည့်အဖွဲ့များနှင့် ယင်းတို့၏ သဘောထားအမြင်များ၊ ကချင်ပြည်နယ် ကိုယ်စားပြုပြီး ရွေးကောက်ပွဲဝင်မည့် ကချင်ပြည်နယ် တိုးတက်ရေးပါတီဥက္ကဋ္ဌ ဒေါက်တာတူးဂျာနှင့်တွေ့ဆုံခြင်း၊ ပါတီအမတ်လောင်းများ အခြေခံလူတန်းစားကို ဦးစားပေး မဲဆွယ်သွားကြဖွယ်ရှိ၊ ခေတ်ဟောင်း သတင်းစာများက ပြောသော ပြည်တွင်းနိုင်ငံရေးပုံရိပ်များ ဝေဝေဆာဆာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

ယင်းအပြင် ဆရာဦးကိုကိုလှိုင်ရေးသားသည့် နိုင်ငံရေးလုပ်ကြသူများ၊ ဆရာနောင်ဦး၏ ရွေးကောက်ပွဲဝင်ရန် မဲဆွယ်စည်းရုံးလှုပ်ရှားရာတွင်စသည့် နိုင်ငံရေးအတွေးအမြင် ဆောင်းပါးများ၊ (၆၅)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားသို့ စီအင်န်အင်န်၊ ဘီဘီစီအပါအဝင် နိုင်ငံခြားသတင်းဌာနများ သတင်းရယူ၊ ငွေကျပ်ငါးသိန်းတန်ဖုန်း ရွှေဂုံတိုင်ရုံးတွင် လျှောက်ထားရတော့မည်၊ နိုင်ငံတကာပညာရေးရေစီး ဘယ်ကိုစီး နိုင်ငံတကာပညာရေးသုံးသပ်၊ နွေရာသီအားလပ်ရက်မှာ ဘယ်လိုသင်တန်းမျိုးတွေ ကလေးတွေကို ရွေးချယ်တက်ရောက်စေသင့်သလဲ Yangon Forum ကဏ္ဍသစ်၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ နွေရာသီနှင့်သင်တန်းများ၊ အိမ်ထောင်ပြုလိုက်တယ်ဆိုတာ ကျွန်တော်တစ်ယောက်တည်း အထီးကျန်ဆန်ပြီး မနေချင်တော့လို့ပါ အဆိုတော် မိုးမိုးနှင့်လိုတိုဗျူး စသည့် ဖျော်ဖြေရေးကဏ္ဍ အပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိနေပြီဖြစ်သည်။

ကမ္ဘာတစ်ဝန်းလုံးက အရှေ့အာရှကို မျက်စိကျလာခြင်းက စိန်ခေါ်မှုတစ်ရပ်ဖြစ်လာ၊ အာရှအလယ်ပိုင်းကို အမေရိကန်၊ ရုရှားနှင့်တရုတ်တို့ ဩဇာအပြိုင်လွှမ်းမိုးရန်ကြိုးပမ်းလာ၊ မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ ပြောရဦးမယ်သူတို့က ဒီလိုတဲ့ ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။

(သတင်းစဉ်)

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်း အမှတ်(၂) လှိုင်၏ ပဒေသာကပွဲကို မတ် ၂၇ရက်က အဆိုပါကျောင်း၌ကျင်းပရာ ရန်ကုန်တိုင်း လူမှုဝန်ထမ်းရုံးမှ တွဲဖက်တိုင်းဦးစီးမှူး ဦးဝင်းမောင်က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (လူမှုဝန်ထမ်း)

နေပြည်တော်ပျဉ်းမနား၌ T.Z WORLD အရောင်းဆိုင်သစ်ဖွင့် ကွန်ပျူတာနှင့်အီလက်ထရွန်နစ်ပစ္စည်းများ အရစ်ကျစနစ်ဖြင့်ရောင်းချ

ရန်ကုန် ဧပြီ ၁

စက်ဘီး၊ ကွန်ပျူတာနှင့် အီလက်ထရွန်နစ်ပစ္စည်းများ အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးသည့် T.Z WORLD အရောင်းဆိုင်သစ် ဖွင့်ပွဲကို မတ် ၁၉ရက် နံနက် ၉နာရီတွင် နေပြည်တော်ပျဉ်းမနား ဗိုလ်တောက်ထိန်လမ်း အမှတ်(၁၁/၃)၌ ဖွင့်လှစ်လိုက်သည်။ **(အောက်ပုံ)**

အရစ်ကျငွေချေစနစ်

နေပြည်တော် ပျဉ်းမနားနှင့် ပတ်ဝန်းကျင်ရှိ ရုံးသူရုံးသားများ၊ ကျောင်းသူကျောင်းသားများ၊ ပြည်သူများအတွက် ရေခဲသေတ္တာ၊ အဝတ်လျှော်စက်၊ အဲယားကွန်း၊ တီဗွီ၊ EVD နှင့် ဂျပန်စက်ဘီးများကို T.Z WORLD အရောင်းဆိုင်သစ်က အရစ်ကျ ငွေချေစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ အရစ်ကျစနစ်ဖြင့် ဝယ်ယူလိုသူများအနေဖြင့် နိုင်ငံသားမှတ်ပုံတင်လက်မှတ်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ နေထိုင်ကြောင်း ရပ်ကွက်ထောက်ခံချက် မူရင်းနှင့် လိုင်စင်ဓာတ်ပုံတစ်ပုံတင်ပြကာ ကျသင့်တန်ဖိုး ၅၀ရာခိုင်နှုန်း ငွေပေးချေ၍ ပစ္စည်းယူဆောင်သွားနိုင်ပြီး ကျန်ငွေကို ရက် ၃၀ပြည့်လျှင် ၂၅ရာခိုင်နှုန်းနှင့် ရက် ၆၀ပြည့်လျှင် ၂၅ရာခိုင်နှုန်း ပေးချေသွားရမည်ဖြစ်ကြောင်း သိရသည်။

ဆက်သွယ်ဝယ်ယူနိုင်

ပစ္စည်းတန်ဖိုး၏တစ်ဝက် ငွေသားရှိရုံဖြင့် ကွန်ပျူတာ၊ အဲယားကွန်း၊ တီဗွီ၊ အဝတ်လျှော်စက်၊ ရေခဲသေတ္တာ၊ EVD နှင့် စက်ဘီးများ ဝယ်ယူရရှိနိုင်သည့်အတွက် ရုံးသူ ရုံးသားများ၊ ကျောင်းသား ကျောင်းသူများနှင့် ဝင်ငွေနည်းပါးသူများအတွက် အဆင်ပြေလျက်ရှိရာ T.Z WORLD အရစ်ကျ ငွေချေစနစ်အရောင်းဆိုင်များကို အမှတ် ၁၅ မင်းနန္ဒာလမ်းမကြီး ဒေါပုံမြို့နယ် ဖုန်း-၀၉-၅၁၂၃၄၆၅၊ ၀၉-၅၁၄၆၈၁၉၊ အမှတ် ၃၇ ရန်ကုန်-အင်းစိန်လမ်းမကြီး အမှတ် (၃)ရပ်ကွက် မရမ်းကုန်းမြို့နယ် ဖုန်း-၀၁-၆၅၀၈၂၆၊ ၀၉-၅၁၇၇၉၂၆၊ အမှတ် ၁၁/၃ ဗိုလ်တောက်ထိန်လမ်း စာတိုက်အနီး နေပြည်တော် ပျဉ်းမနား ဖုန်း-၀၉-၄၉၂၀၄၈၇၇၊ ၀၉-၄၉၂၀၃၄၃၅နှင့် အမှတ် ၂ ဗိုလ်ချုပ်လမ်း ရွှေကျင်-မဒေါက်လမ်းဆုံ ညောင်လေးပင်မြို့ ဖုန်း-၀၅၂-၅၀၂၉၂၊ ၀၉-၅၁၇၅၁၀၈ တို့တွင် ဖွင့်လှစ်ထားရှိရာ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကမ္ဘာ့အင်အားကြီးနိုင်ငံတချို့ သူတို့၏သာလွန်သော ဓနအင်အားနှင့် နည်းပညာများအသုံးချ ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် လွှမ်းမိုးနိုင်ရေး ဖန်တီးလုပ်ဆောင်နေ

မိမိတို့နိုင်ငံအပေါ် အင်အားကြီးနိုင်ငံများ၏ လွှမ်းမိုးမှုမှ တွန်းလှန်ကာကွယ်စောင့်ရှောက် မြန်မာ့ယဉ်ကျေးမှု လူမှုရေးတံတိုင်းကြီးကို အမျိုးသားရေးအသိအမြင်ဖြင့် တည်ဆောက်ကာကွယ်

ရန်ကုန် ဧပြီ ၁

မြဝတီရုပ်မြင်သံကြား (၁၅)နှစ်မြောက် နှစ်ပတ်လည်နေ့ ထူးချွန်ဝန်ထမ်းဆုနှင့် မြဝတီစာပေတိုက် ၂၀၀၉ ခုနှစ် မြဝတီ/ငွေတာရီမဂ္ဂဇင်း နှစ်ပတ်လည်အကောင်းဆုံးစာမူဆု၊ မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် မော်ဘီမြို့ရှိ မြဝတီရုပ်မြင်သံကြား၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ချီးမြှင့်သည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြဝတီမဂ္ဂဇင်းရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမဆုရရှိသူ ကျော်ဝင်းလှိုင်(ယဉ်ကျေးမှုတက္ကသိုလ်)အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

တက်ရောက်

အဆိုပါအခမ်းအနားသို့ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝင်းမြင့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံဓာတ်ပုံအသင်း၊ မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ မြဝတီရုပ်မြင်သံကြားမှ စစ်သည်/ဝန်ထမ်းများ၊ ဆုရရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်က ဂုဏ်ပြု အမှာစကားပြောကြားရာတွင် မြဝတီရုပ်မြင်သံကြားကို ၁၉၉၅ ခုနှစ် မတ် ၂၇ ရက် ရွှေရတုတပ်မတော်နေ့တွင် စတင်ထုတ်လွှင့်ခဲ့သဖြင့် အခုဆိုလျှင် (၁၅)နှစ်ပြည့်ခဲ့ပြီး ဖြစ်ကြောင်း၊

စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင် မြဝတီရုပ်မြင်သံကြား (၁၅)နှစ်မြောက် နှစ်ပတ်လည်နေ့ ထူးချွန်ဝန်ထမ်းဆုနှင့် မြဝတီစာပေတိုက် ၂၀၀၉ ခုနှစ် မြဝတီ/ငွေတာရီမဂ္ဂဇင်း နှစ်ပတ်လည်အကောင်းဆုံးစာမူဆု၊ မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ယခုကဲ့သို့ မင်္ဂလာရှိသော အချိန်အခါသမယတွင် မြဝတီစာပေတိုက်၏ ၂၀၀၉ ခုနှစ် နှစ်ပတ်လည်အကောင်းဆုံးဓာတ်ပုံဆုနှင့် စာမူဆုများကို တစ်ပြိုင်တည်း ချီးမြှင့်သွားမည်ဖြစ်ကြောင်း။

လူထုဆက်သွယ်ရေး

ယနေ့ကမ္ဘာ့မီဒီယာများအနက် ရုပ်မြင်သံကြားနှင့် စာနယ်ဇင်းတို့သည် ပြည်သူလူထုအတွင်း ပြန်ကြားရေး၊ ဖျော်ဖြေရေးနှင့် အသိပညာတိုးပွားရေးကို ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်သည့် လူထုဆက်သွယ်ရေး ယန္တရားများပင်ဖြစ်ကြောင်း။

ရုပ်မြင်သံကြားထုတ်လုပ်ရေးလုပ်ငန်းသည် ကြီးမားကျယ်ပြန့်ပြီး နည်းပညာနှင့် အနုပညာပေါင်းစပ်၍ ဟန်ချက်ညီညီ ဆောင်ရွက်ရသည့် လုပ်ငန်းလည်းဖြစ်ကြောင်း။

စာနယ်ဇင်းလုပ်ငန်းသည် နိုင်ငံတော်၏ အမျိုးသားရေးတည်ဆောက်မှု အခန်းကဏ္ဍကို လှုံ့ဆော်ပေးနိုင်သည့်လုပ်ငန်းဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံသူ၊ နိုင်ငံသားအားလုံး၏ အမျိုးသားရေးနိုးကြားမှု၊ ပညာရည်ဖွံ့ဖြိုးတိုးတက်မှုနှင့် အကျင့်စာရိတ္တမြင့်မားမှုတို့ကို အထောက်အကူပြုသည့် လုပ်ငန်းလည်းဖြစ်ကြောင်း။

ကိုယ်ခံစွမ်းအား

ယနေ့ နိုင်ငံကြီးအချို့က နိုင်ငံငယ်များ၏လွတ်လပ်မှုနှင့် ယဉ်ကျေးမှုကို လွှမ်းမိုးဖို့ ကြံစည်နေသည့်အတွက် နိုင်ငံတိုင်းသည် အမျိုးသားရေးကိုယ်ခံစွမ်းအား ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်ရမည့် အချိန်အခါလည်းဖြစ်ကြောင်း။

မီဒီယာများကတစ်ဆင့် စိမ့်ဝင်ထိုးဖောက်ဝင်ရောက်လာသည့် တိုင်းတစ်ပါး ယဉ်ကျေးမှု လွှမ်းမိုးမှုအန္တရာယ်သည်လည်း ကြီးမားလှကြောင်း၊ မိမိတို့အနေဖြင့် အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းကာကွယ်မှု မပြုနိုင်လျှင် သို့မဟုတ် ကာကွယ်မည့်သူ ကင်းမဲ့နေလျှင် နိုင်ငံနှင့်လူမျိုးပါ တဖြည်းဖြည်း ကွယ်ပျောက်သွားနိုင်သည်ကို အထူးသတိပြုဖို့လိုကြောင်း။

ယနေ့အချိန်အခါတွင် သိပ္ပံနှင့်နည်းပညာများ တိုးတက်လာခြင်းသည် ကောင်းမွန်သည့်အချက်ဖြစ်ကြောင်း၊ ဤပြောင်းလဲမှုနှင့်အတူ အနုပညာနှင့် လူမှုပတ်ဝန်းကျင်တို့သည်လည်း ခေတ်နှင့်လျော်ညီသောပြောင်းလဲမှုများ၊ ဆန်းသစ်တီထွင်မှုများ ရှိလာမည်ဖြစ်ကြောင်း၊ သို့ရာတွင် အရိုးကို အရွက်မဖုံးပါစေနှင့် ဟူသောစကားအတိုင်း တိုင်းတစ်ပါး လူနေမှုစနစ်၊ ယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဝတ်စားဆင်ယင်မှုတို့ကို ပုံတူကူးချပြောင်းလဲပြီး မြန်မာ့ယဉ်ကျေးမှုနှင့် ဆန့်ကျင်သည်မျိုးမဖြစ်စေရန် အထူးပင် အရေးကြီးကြောင်း။

ဖန်တီးလုပ်ဆောင်

မျက်မှောက်ကာလတွင် ကမ္ဘာ့အင်အားကြီးနိုင်ငံတချို့က သူတို့၏သာလွန်သော ဓနအင်အားနှင့် နည်းပညာများအသုံးချပြီး ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် လွှမ်းမိုးနိုင်ရေး ဖန်တီးလုပ်ဆောင်နေကြသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

ဤလို အချိန်အခါမျိုးတွင် နိုင်ငံသားတိုင်းသည် မိမိတို့နိုင်ငံအပေါ် အင်အားကြီးနိုင်ငံများ၏လွှမ်းမိုးမှုမှ တွန်းလှန်ကာကွယ်စောင့်ရှောက်ကြရန် တာဝန်ရှိကြောင်း၊ တစ်ချိန်တည်းတွင် မြန်မာ့ယဉ်ကျေးမှု လူမှုရေးတံတိုင်းကြီးကို အမျိုးသားရေးအသိအမြင်ဖြင့် ခိုင်မာစွာ တည်ဆောက်ကာကွယ်ထားကြရန် အထူးပင် အရေးကြီးကြောင်း။

ယနေ့မြဝတီရုပ်မြင်သံကြားသည် ပြန်ကြားပေးရန်၊ ဖျော်ဖြေပေးရန်နှင့် ပညာပေးရန်ဆိုသည့် ရည်မှန်းချက်များနှင့်အညီ နိုင်ငံတော်ကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်တို့ လက်တွဲညီညီ ဆောင်ရွက်နေမှုများကို အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပေးနိုင်ခဲ့ကြောင်း။

ချစ်ခင်နှစ်သက်

ထို့အပြင် ပြည်သူများ ဗဟုသုတတိုးပွားစေရန်နှင့် စိတ်အပန်းပြေစေရန် ကဏ္ဍစုံလင်စွာ ဖျော်ဖြေတင်ဆက်မှုများကြောင့် ပြည်သူလူထု၏ ချစ်ခင်နှစ်သက်အားပေးမှုများ ရရှိနေသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

ပြောင်းလဲတိုးတက်လာသည့် နည်းပညာများနှင့်အညီ ယခုနှစ်ထဲတွင် မြဝတီရုပ်မြင်သံကြားလိုင်းသစ်များကို Digital စနစ်ဖြင့် ထုတ်လွှင့်နိုင်အောင် ဆောင်ရွက်လျက်ရှိသဖြင့် မြဝတီရုပ်မြင်သံကြားမှ စစ်သည်/ဝန်ထမ်းများက ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

မြဝတီမဂ္ဂဇင်းသည် ၁၉၅၂ခုနှစ် နိုဝင်ဘာလမှ စတင်ထုတ်ဝေခဲ့သဖြင့် အခုဆိုလျှင် သက်တမ်း(၅၈)နှစ်ရှိပြီဖြစ်ကြောင်း၊ ငွေတာရီမဂ္ဂဇင်းသည်လည်း ၁၉၆၀ပြည့်နှစ် ဇူလိုင်လတွင် ထုတ်ဝေခဲ့သဖြင့် အခုဆိုလျှင် သက်တမ်း နှစ်(၅၀)ရှိပြီဖြစ်ပြီး ဤမဂ္ဂဇင်းနှစ်စောင်သည် မြန်မာစာပေလောကတွင် သက်တမ်းရင့်သည့်မဂ္ဂဇင်းများအဖြစ် ရှင်သန်နေဆဲဖြစ်ကြောင်း။

ခိုင်မာစွာရပ်တည်

မြဝတီစာပေတိုက်ထုတ် စာအုပ်၊ စာစောင်များသည် မြန်မာစာပေလောကကို မြှင့်တင်ပေးနိုင်ပြီး ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မတိမ်ကောမပပျောက်အောင် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ပေးနိုင်ခဲ့သလို အရည်အသွေးပြည့်ဝသည့် စာအုပ်/စာပေများအဖြစ် ယနေ့အထိ ခိုင်မာစွာ ရပ်တည်နိုင်ခဲ့ကြောင်း။

ဤသို့ ကောင်းမြတ်သော အစဉ်အလာများကို ဆက်လက်ထိန်းသိမ်းနိုင်ရန် ယနေ့အခမ်းအနားကို တက်ရောက်လာကြသည့် စာပေအနုပညာရှင်ကြီးများက ဝိုင်းဝန်းကြိုးပမ်းသွားရန် တိုက်တွန်းပြောကြားလိုကြောင်း။

ယနေ့အချိန်အခါသည် ဒီမိုကရေစီစနစ်ကို အသွင်ကူးပြောင်းတော့မည့် ကာလဖြစ်ပြီး နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အနက် ပဉ္စမအဆင့်ဖြစ်သည့် ရွေးကောက်ပွဲများအောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင် မြဝတီမဂ္ဂဇင်းအကောင်းဆုံး ကာတွန်းဆုရ ကာတွန်းတင်အောင်နီအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

အကောင်အထည်ဖော်

ဤသို့ဆောင်ရွက်နိုင်ရန် ဥပဒေ/ နည်းဥပဒေများကို စနစ်တကျ ထုတ်ပြန်ပြီး နည်းလမ်းမှန်ကန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နေသည့်အချိန်လည်း ဖြစ်ကြောင်း။

ဤသို့ ဥပဒေ/နည်းဥပဒေများကို ထုတ်ပြန်ခဲ့မှုသည် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို စနစ်တကျဖော်ဆောင်ရာ၌ ထူးခြားသည့် တိုးတက်မှုတစ်ရပ်လည်းဖြစ်ကြောင်း။

ယနေ့ အခမ်းအနားတွင် မြဝတီစာပေတိုက်က ၂၀၀၉ ခုနှစ်ထုတ် မြဝတီမဂ္ဂဇင်းနှင့် ငွေတာရီမဂ္ဂဇင်းတို့တွင် ပါရှိသော ကဗျာ/ ကာတွန်း/ ဆောင်းပါး/ ဝတ္ထုတို/ ဝတ္ထုရှည်များအနက် အကောင်းဆုံးစာမူများနှင့် မြဝတီမဂ္ဂဇင်း ရောင်စုံဓာတ်ပုံဆုများကို ချီးမြှင့်သွားမည်ဖြစ်ကြောင်း။

ဆုချီးမြှင့်မည်

ထို့အပြင် တစ်နှစ်တာအတွင်း ထူးချွန်စွာ တာဝန်ထမ်းဆောင်ခဲ့ကြသည့် မြဝတီရုပ်မြင်သံကြားမှ စစ်သည်/ဝန်ထမ်းများကိုလည်း ဆုချီးမြှင့်သွားမည် ဖြစ်ကြောင်း။

အလားတူ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကြပ်ကဲမှုအောက် တပ်/ကျောင်းများက နိုင်ငံတော်အဆင့် စာပေဆု/အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဆုများ ချီးမြှင့်မည်ဖြစ်သကဲ့သို့ မြဝတီရုပ်မြင်သံကြားနှင့် မြဝတီစာပေတိုက်အပေါ် ပံ့ပိုးကူညီခဲ့သည့် ပုဂ္ဂိုလ်များကိုပါ ဂုဏ်ပြုမည်ဖြစ်သည့်အတွက် မင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် အခမ်းအနားဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ မြဝတီရုပ်မြင်သံကြားနှင့် မြဝတီစာပေတိုက်တို့သည်....

- **နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေး(၃)ပါးကို အစဉ်ထိန်းသိမ်းစောင့်ရှောက်ပါ။**
- **အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာအောင် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့ ဝိုင်းဝန်းပူးပေါင်း ကြိုးပမ်းဆောင်ရွက်ကြပါ။**
- **မီဒီယာစွမ်းပကားကို အသုံးချပြီး အမျိုးသားရေးနိုးကြားမှုနှင့် အမျိုးသားရေးကိုယ်ခံစွမ်းအား တောင့်တင်းခိုင်မာအောင် ကြိုးပမ်းဆောင်ရွက်ကြပါ။**
- **ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးစံများ မတိမ်ကော မပပျောက်အောင် ကြိုးပမ်းဆောင်ရွက်ကြပါ။**
- **အရေးပါသည့် မီဒီယာလုပ်ငန်းများ လုပ်ဆောင်နေကြသည်ဖြစ်၍ လုပ်ငန်းပိုင်းဆိုင်ရာ အားနည်းချို့ယွင်းမှုများမရှိရလေအောင် အမြဲသုံးသပ် စိစစ်ဆောင်ရွက်ကြပါ**ဟု တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားသည်။

ဆုများချီးမြှင့်

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက မြဝတီမဂ္ဂဇင်း ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမဆုရ ကျော်ဝင်းလှိုင် (ယဉ်ကျေးမှုတက္ကသိုလ်)၊ ဒုတိယဆုရ ဂျေမောင်မောင်(အမရပူရ)နှင့် အထူးဆုရ စိုင်ခမ်းလင်း (Hawk Eyes) တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင်က မြဝတီမဂ္ဂဇင်းအကောင်းဆုံး ကာတွန်းဆုရ ကာတွန်းတင်အောင်နီ၊ ငွေတာရီမဂ္ဂဇင်းအကောင်းဆုံးကဗျာဆုရ ဒေါက်တာထီလာစစ်သူ (ကိုယ်စား) ဒေါ်လှယဉ်စိုးနှင့် မင်းယုဝေ၊ မြဝတီမဂ္ဂဇင်း

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

2-4 (07).pmd 1 4/2/2010, 2:48 AM

အမှာစကားပြောကြား

ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မောင်မောင်အုန်း ပုံပါကျင်မြို့ နယ်ခြားစောင့်တပ် ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အားပေးစကားပြောကြား

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ပုံပါကျင်မြို့ နယ်ခြားစောင့်တပ် ဖွင့်လှစ်ခြင်းအထိမ်းအမှတ် ဂုဏ်ပြုနေ့လယ်စာစားပွဲတွင် နယ်ခြားစောင့်တပ်ဖွဲ့ဝင်များအား အားပေးစကား ပြောကြားစဉ်။ (သတင်းစဉ်)

✻ ကျောဖုံးမှ

တက်ရောက်

ဖွင့်ပွဲအခမ်းအနားများသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုး၊ ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မောင်မောင်အုန်း၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် နယ်မြေခံတပ်နယ်မှ အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူလူထုအင်အား ၁၂၀၀ခန့် တက်ရောက်ကြသည်။

ရှေးဦးစွာ နယ်ခြားစောင့်တပ်ဖွင့်ပွဲအခမ်းအနားကို မတ် ၃၀ရက် နံနက်ပိုင်းတွင် မိုင်းတုံမြို့နယ် ပုံပါကျင်မြို့၌ကျင်းပရာ အခမ်းအနားအစီအစဉ်အရ နိုင်ငံတော်အလံလွှင့်တင်ခြင်း၊ တပ်မတော်သားတစ်ဦးအဖြစ် သစ္စာအဓိဋ္ဌာန်ရွတ်ဆိုခြင်း၊ တပ်မတော်၏ ရာထူးအဆင့်တံဆိပ်များ တပ်ဆင်ကာ ခန့်အပ်တာဝန်ပေးအပ်ခြင်းများ ဆောင်ရွက်သည်။ ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုးနှင့် ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မောင်မောင်အုန်းတို့က အမှာစကား ပြောကြားကြသည်။

ကခုန်ဆင်နွှဲ

ထို့နောက် နယ်ခြားစောင့်တပ်ဖွင့်လှစ်ခြင်းအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကို ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခြင်း၊ ပန္နက်တင်မင်္ဂလာ အခမ်းအနားပြုလုပ်ခြင်း၊ တပ်ဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရ သစ်ပင်စိုက်ပျိုးခြင်း၊ မှတ်တမ်းတင်ဓာတ်ပုံရိုက်ခြင်းများ ပြုလုပ်ကြပြီး နယ်ခြားစောင့်တပ်ဖွဲ့ဝင်များသည် ဒေသခံပြည်သူများနှင့်အတူ ငြိမ်းချမ်းရေးပန်းခင်းတေးသီချင်းကို သီဆိုကြ၍ တိုင်းရင်းသားရိုးရာ အကများဖြင့် ပျော်ရွှင်စွာ ကခုန်ဆင်နွှဲကြသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် နယ်ခြားစောင့်တပ် ဖွင့်လှစ်ခြင်း အထိမ်းအမှတ် ဂုဏ်ပြုနေ့လယ်စာစားပွဲ ကျင်းပပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နယ်ခြားစောင့်တပ်ဖွဲ့ဝင်များအား အားပေးစကား ပြောကြားသည်။

ခန့်အပ်တာဝန်ပေး

ထို့အတူ နယ်ခြားစောင့်တပ် ဖွင့်ပွဲအခမ်းအနားကို မိုင်းယောင်းမြို့နယ် မိုင်းယုမြို့၌ မွန်းလွဲပိုင်းတွင်ကျင်းပရာ ဒေသခံပြည်သူလူထုအင်အား ၇၀၀ခန့် တက်ရောက်ကြပြီး အခမ်းအနားအစီအစဉ်အရ နိုင်ငံတော်အလံလွှင့်တင်ခြင်း၊ တပ်မတော်သားတစ်ဦးအဖြစ် သစ္စာအဓိဋ္ဌာန်ရွတ်ဆိုခြင်း၊ တပ်မတော်၏ ရာထူးအဆင့်တံဆိပ်များ တပ်ဆင်ကာ ခန့်အပ်တာဝန်ပေးအပ်ခြင်းများ ဆောင်ရွက်သည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုးနှင့် ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မောင်မောင်အုန်းတို့က အမှာစကား ပြောကြားကြသည်။

ပျော်ရွှင်စွာဆင်နွှဲ

ယင်းနောက် နယ်ခြားစောင့်တပ် ဖွင့်လှစ်ခြင်းအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကို ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခြင်း၊ ပန္နက်တင်မင်္ဂလာ အခမ်းအနား ပြုလုပ်ခြင်း၊ တပ်ဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရ သစ်ပင်စိုက်ပျိုးခြင်းနှင့် မှတ်တမ်းတင် ဓာတ်ပုံရိုက်ခြင်းများ ပြုလုပ်ကြပြီး နယ်ခြားစောင့်တပ်ဖွဲ့ဝင်များသည် ဒေသခံပြည်သူများနှင့်အတူ ငြိမ်းချမ်းရေးပန်းခင်းတေးသီချင်းကို သီဆိုကြ၍ တိုင်းရင်းသားရိုးရာအကများဖြင့် ပျော်ရွှင်စွာ ကခုန်ဆင်နွှဲကြသည်။

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုးနှင့် ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မောင်မောင်အုန်းတို့ မိုင်းယုမြို့၌ကျင်းပသည့် နယ်ခြားစောင့်တပ် ဖွင့်ပွဲအခမ်းအနားတွင် နယ်ခြားစောင့်တပ်ဖွဲ့ဝင်များအား တပ်မတော်၏ ရာထူးအဆင့်တံဆိပ်များကို တပ်ဆင်ပေးကြစဉ်။ (သတင်းစဉ်)

ငြိမ်းချမ်းရေးပန်းခင်း

မိုင်းယုမြို့ နယ်ခြားစောင့်တပ် ဖွင့်ပွဲအခမ်းအနားတွင် နယ်ခြားစောင့်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ ငြိမ်းချမ်းရေးပန်းခင်း တေးသီချင်းကို သီဆို၍ တိုင်းရင်းသားရိုးရာအကများဖြင့် ပျော်ရွှင်စွာ ကခုန်ဆင်နွှဲကြစဉ်။ (သတင်းစဉ်)

နယ်စပ်
နယ်ခြားစော

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နယ်ခြားစောင့်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုအားပေးစကား ပြောကြားသည်။

ကြိုဆိုအားပေး

ယခုကဲ့သို့ ပုံပါကျင်မြို့နှင့် မိုင်းယုမြို့တို့တွင် နယ်ခြားစောင့်တပ်များ ဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် တိုင်းရင်းသားချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုစိတ်ဓာတ်အပြည့်အဝဖြင့် ပြည်သူ့စစ်(ဌာနေ) တာဝန်ထမ်းဆောင်ခဲ့ကြသောအဖွဲ့များအနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို နယ်ခြားစောင့်တပ်အဖြစ်ပြောင်းလဲပြီး တာဝန်ထမ်းဆောင်ခွင့် ရရှိတော့မည်ဖြစ်၍ ဂုဏ်ယူဝမ်းမြောက်လျက် ရှိကြောင်း၊ တိုင်းရင်းသားခေါင်းဆောင်များနှင့် ဒေသခံ ပြည်သူများအနေဖြင့်လည်း ၎င်းတို့၏လူနေမှုဘဝတွင် တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံမှုအတွက်လည်းကောင်း၊ နယ်စပ်ဒေသများ ထာဝစဉ်ငြိမ်းချမ်းရေးအတွက်လည်းကောင်း မိမိဒေသ မိမိနယ်မြေတွင် နယ်ခြားစောင့်တပ် ဖွဲ့စည်းဖြစ်ပေါ်လာမှုကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုအားပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ပျော်ရွှင်စွာ ကခုန်ဆင်နွှဲ

ပုံပါ
တပ်ဖွဲ့ဝ
သီဆို၍

မြောက်ပိုင်းစွန်းဒေသများ၌ မိုးထစ်ချုန်းဖွယ်

နေပြည်တော် ဧပြီ ၁

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် နေရာအနှံ့အပြား၊ မကွေးတိုင်းတွင် နေရာစိပ်စိပ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် ဧပြီလ၏ပျမ်းမျှအပူချိန်တို့အောက် ၈ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကျောက်တော်မြို့တွင် ၂ဒသမ ၈၇လက်မ၊ မြောက်ဦးမြို့တွင် ၂ဒသမ ၆၄လက်မ၊ ကသာမြို့တွင် ၂ဒသမ ၃၆လက်မ၊ ဗန်းမော်မြို့တွင် ၁ဒသမ ၆၉လက်မ၊ ဟုမ္မလင်းမြို့တွင် ၁ဒသမ ၆၂လက်မ၊ အမ်းမြို့တွင် ၁ဒသမ ၁၈လက်မ၊ မင်းတပ်မြို့နှင့် ဟားခါးမြို့တို့တွင် ၁ဒသမ ၁၁လက်မစီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ဧပြီ ၂ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန် ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းစွန်း ဒေသများတွင် မိုးဆက်လက်ထစ်ချုန်း ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

နယ်စပ်ဒေသများ ထာဝစဉ် ငြိမ်းချမ်းရေးအတွက် မိမိဒေသ မိမိနယ်မြေတွင် နယ်ခြားစောင့်တပ် ဖွဲ့စည်းဖြစ်ပေါ်လာမှုကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုအားပေးလျက်ရှိ

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နယ်ခြားစောင့်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုအားပေးစကား ပြောကြားသည်။

ကြိုဆိုအားပေး

ယခုကဲ့သို့ ပုံပါကျင်မြို့နှင့် မိုင်းယုမြို့တို့တွင် နယ်ခြားစောင့်တပ်များ ဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် တိုင်းရင်းသားချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုစိတ်ဓာတ်အပြည့်အဝဖြင့် ပြည်သူ့စစ်(ဌာနေ) တာဝန်ထမ်းဆောင်ခဲ့ကြသောအဖွဲ့များအနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို နယ်ခြားစောင့်တပ်အဖြစ်ပြောင်းလဲပြီး တာဝန်ထမ်းဆောင်ခွင့် ရရှိတော့မည်ဖြစ်၍ ဂုဏ်ယူဝမ်းမြောက်လျက် ရှိကြောင်း၊ တိုင်းရင်းသားခေါင်းဆောင်များနှင့် ဒေသခံ ပြည်သူများအနေဖြင့်လည်း ၄င်းတို့၏လူနေမှုဘဝတွင် တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံမှုအတွက်လည်းကောင်း၊ နယ်စပ်ဒေသများ ထာဝစဉ်ငြိမ်းချမ်းရေးအတွက်လည်းကောင်း မိမိဒေသ မိမိနယ်မြေတွင် နယ်ခြားစောင့်တပ် ဖွဲ့စည်းဖြစ်ပေါ်လာမှုကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုအားပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မှတ်တမ်းတင် ဓာတ်ပုံရိုက်

ပုံပါကျင်မြို့ နယ်ခြားစောင့်တပ် ဖွင့်ပွဲတွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုး ပုံပါကျင်မြို့ နယ်ခြားစောင့်တပ် ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရာထူးအဆင့်တံဆိပ်များ တပ်ဆင်ပေး

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုးနှင့် ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မောင်မောင်အုန်းတို့ ပုံပါကျင်မြို့ နယ်ခြားစောင့်တပ်ဖွဲ့ဝင်များအား တပ်မတော်၏ ရာထူးအဆင့်တံဆိပ်များကို တပ်ဆင်ပေးကြစဉ်။ (သတင်းစဉ်)

သစ္စာအဓိဋ္ဌာန် ရွတ်ဆို

ပုံပါကျင်မြို့ နယ်ခြားစောင့်တပ် ဖွင့်ပွဲ အခမ်းအနားတွင် နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ တပ်မတော်သားတစ်ဦးအဖြစ် သစ္စာအဓိဋ္ဌာန် ရွတ်ဆိုခြင်း ဆောင်ရွက်စဉ်။

(သတင်းစဉ်)

ပုံပါကျင်မြို့ နယ်ခြားစောင့်တပ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံ တိုင်းရင်းသားများအား တွေ့ရစဉ်။ (သတင်းစဉ်)

ပျော်ရွှင်စွာ ကခုန်ဆင်နွှဲ

ပုံပါကျင်မြို့ နယ်ခြားစောင့်တပ် ဖွင့်ပွဲအခမ်းအနားတွင် နယ်ခြားစောင့်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ ငြိမ်းချမ်းရေးပန်းခင်း တေးသီချင်းကို သီဆို၍ တိုင်းရင်းသားရိုးရာအကများဖြင့် ပျော်ရွှင်စွာ ကခုန်ဆင်နွှဲကြစဉ်။

(သတင်းစဉ်)

ပြပွဲလာပြည်သူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားနေသော
မဟာသင်္ကြန်အကြို ခေတ်မီ အီလက်ထရွန်နစ်နှင့် အိမ်သုံးပစ္စည်းပြပွဲ

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံမှတ်တမ်း-တင်စိုး (မြန်မာ့အလင်း)၊ စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင် (မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၁

လျှပ်စစ်မီးရောင်စုံများဖြင့် အမြင်ဆန်းသစ်နေသော တပ်မတော်ခန်းမ။ တပ်မတော်ခန်းမအတွင်း ဒီဇိုင်း ဆန်းပြားစွာ ပြသထားသော ခေတ်မီ အီလက်ထရွန်နစ် ပစ္စည်းပြခန်းများ၊ ပြခန်းတိုင်းတွင်စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာနေကြသည့် ပြပွဲလာ ပြည်သူများက ပြည့်ကျပ်လျက်....။ ဧပြီ ၁ရက်မှ ၄ရက်အထိ စတင် ခင်းကျင်းပြသနေပြီဖြစ်သည့် မဟာသင်္ကြန်အကြို ခေတ်မီ အီလက်ထရွန်နစ်နှင့် အိမ်သုံးကုန်ပစ္စည်း ပြပွဲကား ဖွင့်ပွဲပြုလုပ်သည့်နေ့၌ပင် ပြည်သူများဖြင့် စည်ကားနေပြီဖြစ်သည်။

ခေတ်မီရေနွေးစက်များကို ဤသို့ ထူးခြားဆန်းသစ်စွာ မြင်တွေ့ရသည်မှာ....။

ပြသ

ပြခန်းပေါင်း၁၇၀ခန့်ရှိပြီး ခေတ်မီ အီလက်ထရွန်နစ်နှင့် အိမ်သုံးကုန်ပစ္စည်း မျိုးစုံကို မြိုင်ဆိုင်စွာ ခင်းကျင်းပြသထားရာ ပြပွဲလာ ပြည်သူများ စိတ်တိုင်းကျလေ့လာ ကြည့်ရှုလျက်ရှိသည်။ တစ်ဖန် ယခုပြပွဲကို တာဝန်ယူကျင်းပသည့် Smart Group ကလည်း ပြပွဲလာ ပြည်သူများကို ဗလာမပါ ကံစမ်းမဲပေါင်း ၃၀ ကို နေ့စဉ် ဝေငှပေးလျက်ရှိရာ ပြပွဲလာပြည်သူများအတွက် စိတ်ပျော်ရွှင်စရာ ဖြစ်စေသည်။

ပြပွဲခန်းမအတွင်း လိုက်လံလေ့လာခဲ့ရာ Boon နှင့် Dolvo အမှတ်တံဆိပ် သဘာဝဖျော်ရည် ပြခန်းအတွင်း

"ဓာတုနဲ့ ဆိုးဆေး လုံးဝမပါတဲ့ သဘာဝဖျော်ရည်တွေပါပဲ" ဦးအေးမင်း

ဝင်ရောက်လေ့လာဖြစ်သည်။ ပြခန်းအတွင်း ဖျော်ရည်ပုလင်းမျိုးစုံကို တွေ့မြင်ရသဖြင့် မေးမြန်းကြည့်ရာ "ဒီပြခန်းမှာတော့ ပြည်တွင်းဖြစ် သဘာဝဖျော်ရည်တွေဖြစ်တဲ့ နာနတ်၊ သံပရာ၊ မန်ကျည်းနဲ့ ရဲယိုဖျော်ရည်တွေကို ဖန်ပုလင်း၊ ပလတ်စတစ်ပုလင်းတွေနဲ့ ခင်းကျင်းပြသထားပါတယ်။ နာနတ်၊ သံပရာ၊ မန်ကျည်းနဲ့ ရဲယိုတို့ရဲ့ သဘာဝအနှစ်တွေကို ပျားရည်နဲ့ ရောစပ်ပြီး ဓာတုနဲ့ ဆိုးဆေးတွေ လုံးဝမပါဘဲ ပြုလုပ်ထားတဲ့ ဖျော်ရည်တွေပါပဲ"ဟု ကိုကိုနိုနီကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးအေးမင်းက ရှင်းပြသည်။

စိတ်ဝင်စား

နမူနာအဖြစ် ဖျော်ရည်များကို ခွက်လေးများဖြင့် ပြပွဲလာပြည်သူများကို အခမဲ့တိုက်လျက်ရှိသည်။ ကိုယ်တိုင်ယူ သောက်ကြည့်ရာ သဘာဝနာနတ်ရနံ့ သင်းပျံ့နေသော အနံ့အရသာကို ထူးခြားစွာ ခံစားလိုက်ရသည်။ ဖျော်ရည်ပုလင်းများကို Boon အမှတ်တံဆိပ်ဖြင့် ခင်းကျင်းပြသထားသည်ကို ပြည်သူများ စိတ်ဝင်စားစွာ လေ့လာလျက်ရှိသည်။ Boon ဖျော်ရည်များမှာ ပြည်သူများအတွင်း အကြိုက်များနေသည့် ပြည်တွင်းဖြစ် သဘာဝဖျော်ရည်လည်းဖြစ်ကြောင်း သိရသည်။

စုံလင်

ပြပွဲခန်းမအတွင်း ဆက်လက်လေ့လာရာ အဝတ်လျှော်စက်များ၊ ရေချိုးခန်းသုံး ရေပူ၊ ရေနွေးစက်များ၊ မီးအားမြင့်စက်များ၊ ရေသန့်စက်များ၊ ဓာတ်အားအသုံးပြုစရာမလိုသည့် ရေသန့်စနစ်သုံးစက်များကို အမျိုးအစားစုံလင်စွာ တွေ့မြင်ရသည်။ ထို့အပြင် ရုပ်မြင်သံကြားစက် အမျိုးမျိုး၊ ဗွီစီဒီ၊ ဒီဗွီဒီနှင့် နောက်ဆုံးပေါ် အီလက်ထရွန်နစ်စက်များကိုလည်း အမျိုးအစားစုံစုံလင်လင် ခင်းကျင်းပြသထားသည်။

အိမ်သုံးပစ္စည်း

နေအိမ်များတွင် အသုံးပြုနိုင်သည့် ပါကေးပြားများ၊ လျှပ်စစ်ရေနွေးချိုးစက်များ၊ အိမ်သုံးပရိဘောဂပစ္စည်းများကိုလည်း စိတ်ဝင်စားဖွယ်မြင်တွေ့ရသည်။ မာမားခေါက်ဆွဲက ပြပွဲလာပြည်သူများကို အခမဲ့ ကျွေးမွေးနေမှုကလည်း ထူးခြားစွာဖြင့် ပြည်သူများ မြည်းစမ်းစားကြည့်နေကြသည်။ ရုပ်အင်္ကျီအမျိုးမျိုး ပြသထားသည့် ပြခန်း၊ လက်ကိုင်ဖုန်းခွံများ သီးသန့်ပြသသည့် ပြခန်း၊ ဂျပန်နည်းပညာဖြင့် ထုတ်လုပ်ထားသော EVD၊ MP3၊ MPEG4 စသည့် ခေတ်မီအီလက်ထရွန်နစ်ပစ္စည်းများကို ပြသထားမှုကလည်း မြိုင်မြိုင်ဆိုင်ဆိုင်ရှိနေသည်။

မေးမြန်း

ပြပွဲခန်းမအတွင်း ပြပွဲလာ ပြည်သူများဖြင့် စည်ကားလျက်ရှိရာ ပြပွဲသို့ ပစ္စည်းလာရောက်ဝယ်ယူသည့် လူငယ်တစ်ဦးအား တွေ့ဆုံမေးမြန်းရာ "ကျွန်တော့်နာမည်က ကိုကျော်နိုင် ဖြစ်ပါတယ်။ အခုပန်ကာ လာဝယ်တာပါ။ ဒီပြပွဲမှာ ပစ္စည်းမျိုးစုံပြီး ဈေးလည်း သက်သာတာမို့ နောက်ထပ် အီလက်ထရွန်နစ်ပစ္စည်းတွေ ဝယ်ဦးမှာပါ။ တစ်နေရာတည်းမှာ အခုလို စိတ်ကြိုက် ရွေးချယ်ဝယ်ယူရတာ အဆင်ပြေပါတယ်"ဟု သတင်းအဖွဲ့သို့ ပြောပြသည်။

"ဈေးနှုန်းသက်သာလို့ ဝယ်ဖြစ်တာပါ" ကိုကျော်နိုင်

မဟာသင်္ကြန်အကြို ခေတ်မီ အီလက်ထရွန်နစ်နှင့် အိမ်သုံးပစ္စည်းပြပွဲကား ပြည်သူများဖြင့် စည်ကားနေပြီဖြစ်သည်။ အထူးဈေးနှုန်းများ၊ ကံစမ်းမဲများ၊ စစ်မှန်သော ပစ္စည်းများကြောင့် ပြည်သူများ လာရောက်လေ့လာဝယ်ယူမှု ကြိတ်ကြိတ်တိုးလျက် ရှိနေပါကြောင်း။ ။ (မြန်မာ့အလင်း)

မဟာသင်္ကြန်အကြို ခေတ်မီ အီလက်ထရွန်နစ်နှင့် အိမ်သုံးပစ္စည်းပြပွဲသို့ လာရောက်လေ့လာဝယ်ယူကြသည့် ပြည်သူများက ဤသို့ စည်ကားများပြားလျက်....။

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် ဧပြီ ၁

အိမ်မဲကြို့ကုန်း အထက(ခွဲ) မြတ်ဆရာပူဇော်ပွဲ

ဧရာဝတီတိုင်း အိမ်မဲမြို့နယ် ကြို့ကုန်းကျေးရွာ အထက(ခွဲ)တွင် ပညာသင်ကြားပေးခဲ့သော အငြိမ်းစားဆရာ ဆရာမကြီးများအား ဒုတိယအကြိမ်မြောက် ပူဇော်ကန်တော့ပွဲကို ဧပြီ ၁၀ရက် (စနေနေ့) နံနက် ၁၀နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် ဖုန်း-၀၉-၈၅၇၂၇၅၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ချောက်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် စည်းဝေးမည်

ချောက်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးနှင့်အတူ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဧပြီ ၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရွှေတိဂုံစေတီအရှေ့ဘက်မုခ် ကြားတောရလမ်း ဗဟန်းမြို့နယ်ရှိ တရားရုံးချုပ်မွှောရုံ၌ ကျင်းပမည်ဖြစ်ပြီး ချောက်မြို့နယ်သူ မြို့နယ်သားများ တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။

ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ် ယိမ်းပြိုင်ပွဲများ ကျင်းပမည်

၁၃၇၁ခုနှစ် မဟာသင်္ကြန်ပွဲတော်တွင် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ ယိမ်းအကပြိုင်ပွဲများကို မူလတန်းကြိုကျောင်းများ ၁၂ဦးယိမ်း၊ ရုံး၊ ဌာန၊ ကျောင်း၊ အခြားအဖွဲ့အစည်းများ ၁၂ဦးယိမ်း၊ ၁၆ဦးယိမ်း၊ ၂၀ယိမ်းပြိုင်ပွဲများနှင့် အက၊ အလှ၊ သဘာဝ ယှဉ်ပြိုင်ပွဲများကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်လိုသော အသင်းများ ဖုန်း-၃၇၉၆၉၃၊ ၃၇၄၈၂၂နှင့် ၃၇၈၀၀၃တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

ခရမ်းမြို့နယ်အသင်း နှစ်ပတ်လည် စည်းဝေးမည်

ခရမ်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဧပြီ ၄ရက်(တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံဗိသုကာအသင်း ဆွေးနွေးပွဲတက်ရောက်နိုင်

မြန်မာနိုင်ငံဗိသုကာအသင်းမှ စီစဉ်ကျင်းပသည့် ပညာရပ်ဆိုင်ရာဆွေးနွေးပွဲကို ဧပြီ ၃ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (လှိုင်တက္ကသိုလ်နယ်မြေဝင်း) မြေညီထပ်ရှိ Seminar Room ၌ ကျင်းပမည်ဖြစ်ရာ ဝါရင့်ဗိသုကာပညာရှင်များက ဆွေးနွေးကြမည်ဖြစ်သဖြင့် စိတ်ဝင်စားသူများ တက်ရောက်နိုင်ပြီး ဖုန်း-၀၉-၈၇၆၃၅၀၀၊ ၀၉-၅၁၁၆၉၈၂နှင့် ၇၂၃၁၀၄တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

အမက(၁၃) တောင်ဥက္ကလာပ မြတ်ဆရာပူဇော်မည်

ယခင်စံပြအမက(၁၃) (၁၁)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်၏ စတုတ္ထအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဧပြီ၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ကျင်းပမည်ဖြစ်ပြီး ဖုန်း-၅၇၈၀၄၅နှင့် ၅၇၇၂၁၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

သက်ကြီးဂီတပညာရှင်များအား ပူဇော်ကန်တော့ပွဲ

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ ပထမအကြိမ် အသက်(၈၀)နှင့်အထက် သက်ကြီးဂီတပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲကို ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ မဟာသန္တိသုခကျောင်း၌ မေ၂ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ ဖုန်း-၅၄၅၈၆၃သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

လှူငယ် (ရေကြောင်း) အာစရိယပူဇော်မည်

လှူငယ် (ရေကြောင်း)ကျောင်းသား ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲကို ဧပြီ ၄ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ဓနုမွှောရုံ ကြားတောရလမ်းမကြီး ဗဟန်းမြို့နယ် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၈၀၃၄၆၈၆၊ ၀၉-၉၉၇၃၃၇၄၆၊ ၂၄၉၇၄၉၊ ၅၂၄၆၂၈၊ ၀၉-၈၆၁၆၈၃၄၊ ၀၉-၅၀၄၅၆၉၁နှင့် ၀၉-၅၀၄၇၁၅၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

သင်္ကြန်အကြို အမြင်သစ်စာပေ စာအုပ်ဈေးရောင်းပွဲ

အမြင်သစ်စာပေနှင့် မီဒီယာမှ သင်္ကြန်အကြိုကာလ အထူးဈေးလျှော့ စာအုပ်ဈေးရောင်းပွဲကို အမှတ် ၁၄၆(က) ၃၇လမ်း မဟာဗန္ဓုလလမ်းနှင့် အနော်ရထာလမ်းကြား၌ ဧပြီ၁၀ရက်အထိ ခင်းကျင်းရောင်းချလျက်ရှိပြီး စာချစ်သူများ လာရောက်လေ့လာဝယ်ယူနိုင်သည်။

ကရဝိက်ဥယျာဉ်ကမ္ဘာ ကလေးများ ပျော်ရွှင်ပွဲကျင်းပ

ရန်ကုန်မြို့ ကရဝိက်ဥယျာဉ်ကမ္ဘာ၌ ကလေးများပျော်ပွဲရွှင်ပွဲကို ဧပြီ ၄ရက်အထိ နံနက် ၉နာရီမှ ညနေ၅နာရီအထိ ကလေးများပျော်ရွှင်ဖွယ်ရာ ကစားနည်းမျိုးစုံဖြင့် ကျင်းပလျက်ရှိသည်။ ။ (မြန်မာ့အလင်း)

စုစည်းရေးသားသူ - ဝင်းကျော်

မီးသတိပြု ကာကွယ်မှု ပေါင်းစုဆောင်ရွက်ကြ

ရုရှားသတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်ဖွံ့ဖြိုးတိုးတက်မှုများ လှည့်လည်ကြည့်ရှုလေ့လာ

နေပြည်တော် ဧပြီ ၁

Russian Information Agency " Novosti " First Deputy Head of International News Division, Mr. Alexander P.TKachev ဦးဆောင်သော ရုရှားသတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့သည် မတ် ၂၉ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိကြပြီး မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် မတ် ၃၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ရောက်ရှိကြပြီး နေပြည်တော် မြို့တော်ခန်းမ၊ နေပြည်တော် ရေပန်းဥယျာဉ်တို့ကို သွားရောက်ကြည့်ရှုလေ့လာကြကာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လေးနှင့် လည်းကောင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်လည်းကောင်း တွေ့ဆုံဆွေးနွေး၍ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)ကို ကြည့်ရှုလေ့လာကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် ရုရှားသတင်းစာဆရာကိုယ်စားလှယ်အဖွဲ့သည် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် တွေ့ဆုံပြီး နှစ်နိုင်ငံအကြား သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကာ ညပိုင်းတွင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

လေ့လာ

ရုရှားသတင်းစာဆရာကိုယ်စားလှယ်အဖွဲ့သည် မတ် ၃၁ရက် နံနက်ပိုင်းတွင် နေပြည်တော်ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြပြီး အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)နှင့် တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)တို့ကို သွားရောက်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် နေပြည်တော်တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကို လည်းကောင်း၊ နေပြည်တော်သတင်းစာတိုက်ကိုလည်းကောင်း သွားရောက်ကြည့်ရှုလေ့လာပြီး တာဝန်ရှိသူများနှင့် ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ရုရှားသတင်းစာဆရာကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၁ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့သို့ ထွက်ခွာသွားကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂-၄-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇း၃၀	၂။	နံနက်ခင်းသတင်း
၇း၄၀	၃။	အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇း၅၀	၄။	သံသာချိုအေးမင်္ဂလာတေး
၈း၀၀	၅။	အတီးပြိုင်ပွဲ
၈း၁၀	၆။	ကြေးမုံရိပ်သွင်တေးနုယဉ်
၈း၂၀	၇။	**စက်မှုတပ်ဆင်လုပ်ငန်းတွင်**
၈း၂၅	၈။	ခါသကြံန်အဆိုအကများ
၈း၄၀	၉။	International News
၈း၅၀	၁၀။	**ပြင်ဦးလွင်ပန်းမြို့တော်ဆီသို့**

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	ခါသကြံန်အဆိုအကများ
၄း၂၀	၃။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၄း၃၀	၄။	နှောင်းခေတ်တေးပဒေသာ
၄း၄၅	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(သင်္ချာအထူးပြု) (သင်္ချာ)
၅း၀၀	၆။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၀	၇။	မြန်မာစာ၊ မြန်မာစကား
၅း၂၀	၈။	ခါသကြံန်အဆိုအကများ
၅း၃၅	၉။	**ရိုးသားဖြူစင်ကလေးတို့အသွင်** (အပိုင်း-၁)
၆း၀၀	၁၀။	ညနေခင်းသတင်း
၆း၁၅	၁၁။	မိုးလေဝသအခြေအနေ
၆း၂၀	၁၂။	ရသစုံလင် အင်တာနက်ဥယျာဉ်
၇း၀၀	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **နှောင်ဖွဲ့မေတ္တာ** (အပိုင်း-၂၄)
၈း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **နှင်းဆီရောင်ဘဝ**(အပိုင်း-၅)
	၁၈။	သီချင်းချစ်သူ(တွင်ကယ်) Twinkle

စာမျက်နှာ ၇ မှ

အကောင်းဆုံး ဆောင်းပါးဆုရ ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်)တို့အားဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်က မြဝတီမဂ္ဂဇင်းအကောင်းဆုံးဝတ္ထုတိုဆုရ စာရေးဆရာဒါရိုက်တာတင်သန်းဦး၊ ငွေတာရီမဂ္ဂဇင်းအကောင်းဆုံးဝတ္ထုတိုဆုရ ပုသိမ်ရန်နိုင်စိုးနှင့် ငွေတာရီမဂ္ဂဇင်းအကောင်းဆုံးဝတ္ထုရှည်ဆုရ ခြင်ကျား(မအူပင်)တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ပေးအပ်

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သန်းစိုးက အကောင်းဆုံးရုပ်သံကင်မရာရိုက်ကူးသူဆုရ အရာခံဗိုလ်ထွန်းထွန်းအောင်နှင့်အရာခံဗိုလ် (အစားခန့်) ကျော်သူနိုင်၊ အကောင်းဆုံးထုတ်လုပ်ရေးမှူးဆုရ ဒုတိယအရာခံဗိုလ် (အစားခန့်) ဖြူဖြူအောင်၊ အကောင်းဆုံးတည်းဖြတ်ဆုရ အရာခံဗိုလ်မြင့်သိန်းနှင့်အရာခံဗိုလ် (အစားခန့်) စန်းစန်းမော်၊ အကောင်းဆုံးအစီအစဉ်မှူးဆုရ ဒုတိယအရာခံဗိုလ်(အစားခန့်) အေးအေးမော်၊ အကောင်းဆုံးသတင်းကြေညာသူဆုရ အရာခံဗိုလ် (အစားခန့်)စန္ဒာစိုးဝင်း၊ အကောင်းဆုံးနိုင်ငံတကာသတင်း ဘာသာပြန်ဆုရ အရာခံဗိုလ် (အစားခန့်)ခင်ဖုန်းဆင့်၊ အကောင်းဆုံးဆက်တင်အခမ်းအနားဆုရ အရာခံဗိုလ်ဇော်ရစ်၊ အကောင်းဆုံးဖလင်တိပ် ကူးပြောင်းဆုရ ဒုတိယအရာခံဗိုလ်(အစားခန့်) သိင်္ဂီထွန်း၊ အကောင်းဆုံး မိတ်ကပ်အလှပြင်ဆုရ အရာခံဗိုလ်(အစားခန့်)နွဲ့ယဉ်ဖူး၊ အကောင်းဆုံးတေးဂီတ (မြန်မာ့ဆိုင်းဝိုင်း)ဆုရ အရာခံဗိုလ်(အစားခန့်) ကျော်မြင့်နှင့် စက်မှုဌာနဂုဏ်ပြုဆုရ ဗိုလ်ကြီးဟိန်းထွဋ်အောင်တို့အားလည်းကောင်း၊ ရုပ်မြင်သံကြားထုတ်လုပ်မှု အခြေခံသင်တန်း အမှတ်စဉ်(၄) (၁၀)နှစ်ပြည့်ဂုဏ်ပြုဆုရ အမှတ်စဉ်(၄)မှ ဝန်ထမ်းများကိုယ်စား အရာခံဗိုလ် (အစားခန့်) သန္တာဝင်းအားလည်းကောင်း၊ အကောင်းဆုံးလျှပ်တစ်ပြက်မှတ်တမ်းဆုရ ဝန်ထမ်းများကိုယ်စား အရာခံဗိုလ်(အစားခန့်) ချိုချိုခိုင်နှင့် ကိုသက်ဦး(မင်းဗေဒါ-ပွင့်ဖြူ)တို့အားလည်းကောင်း၊ ရုပ်မြင်သံကြားထုတ်လုပ်မှု အခြေခံသင်တန်းအမှတ်စဉ်(၁)မှ ဝန်ထမ်းများအတွက် သံယောဇဉ်ဂုဏ်ပြုဆုကို အမှတ်စဉ်(၁)မှ ဝန်ထမ်းများကိုယ်စား အရာခံဗိုလ်(အစားခန့်) ခင်ဝါဝါမြင့်အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးညိုဝင်းက (၁၈)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)မြန်မာ့သိုင်းပြိုင်ပွဲတွင် ပထမဆုရ ရတနာပုံသတင်းစာတိုက်မှ တပ်သားဟိန်းကျော်ထက်၊ မြန်မာတစ်နိုင်ငံလုံး သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာနအောက်ရှိ ကျောင်းပေါင်းစုံ A.G.T.I(ဒုတိယနှစ်)တွင် ပထမဆုရ မြဝတီစာပေတိုက်မှ မဝေခိုင်မိုး၊ တပ်မတော်(ကြည်း၊ ရေ၊လေ) လေ့လော့ပြိုင်ပွဲ(ရန်ကုန်တိုင်းကိုယ်စားပြု) ဒုတိယဆုရ အမှတ်(၄)ပညာရေးကျောင်းမှ တပ်သားရန်နောင်စိုး၊ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဝတ္ထုတိုပြိုင်ပွဲတွင် တတိယဆုရ ထုတ်လုပ်ရေးနှင့် ပြည်သူ့ဆက်ဆံရေးတပ်မှ တပ်ကြပ်ကြီး အောင်ကျော်မိုးနှင့် လူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ်ဝတ္ထုတိုပြိုင်ပွဲတွင် တတိယဆုရ အမှတ်(၁) တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်မှ တပ်ကြပ်ကြီး(အစားခန့်) ယဉ်မျိုးခိုင်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဗိုလ်မှူးကြီးသန်းထွန်း(အငြိမ်းစား)က ချစ်စရာ့ကလေးများစာအုပ်ဖြင့် အမျိုးသားစာပေဆုရ မြဝတီစာပေတိုက်မှ ဦးမောင်မောင်ကြည်၊ ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌မြန်မာတစ်နိုင်ငံလုံးတွင် အဆင့်(၆)ရရှိသူ မန္တလေးမြို့ အမှတ်(၁၈) အခြေခံပညာအထက်တန်းကျောင်းမှ မဆွေဇင်လင်းနှင့် အဆင့်(၁၀)ရရှိသူ မမေမြတ်နိုးဝင်း၊ (၆၅)နှစ်မြောက် တပ်မတော်နေ့ဗဟိုအဆင့်စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲတွင် (အရာခံအဆင့်)၌ ပထမဆုရ အမှတ်(၂)တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်းမှ အရာခံဗိုလ်ညွန့်တင်နှင့် ထုတ်လုပ်ရေးနှင့် ပြည်သူ့ဆက်ဆံရေးတပ်မှ အရာခံဗိုလ်/နည်းပြ ကိုဦး၊ တတိယဆုရ အမှတ်(၉)ပညာရေးကျောင်းမှ အရာခံဗိုလ်/နည်းပြရဲသိန်းတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဗိုလ်မှူးကြီးခင်မောင်စိုး(အငြိမ်းစား)က (၆၅)နှစ်မြောက် တပ်မတော်နေ့ စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲတွင် တတိယဆုရ ရတနာပုံသတင်းစာတိုက်မှ ဒုတိယအရာခံဗိုလ်/စာရေးကျော်မင်းခိုင်၊ (၆၅)နှစ်မြောက် တပ်မတော်နေ့ဗဟိုအဆင့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ(အကြပ်အဆင့်)တွင် ပထမဆုရ အမှတ်(၂)တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်းမှ ဒုတိယတပ်ကြပ် ကျော်ကျော်ခိုင်၊ တပ်သားအဆင့်ပထမဆုရ မြဝတီသတင်းစာတိုက်မှ တပ်သားချစ်ကိုကို၊ တတိယဆုရရှိကြသော အမှတ်(၇)ပညာရေးကျောင်းမှ ဒုတိယတပ်ကြပ်ကိုကိုဝင်းနှင့် အမှတ်(၂)တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်းမှ တပ်သားရဲသန့်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဂုဏ်ပြုလက်ဆောင်

ထို့နောက် မြဝတီရုပ်မြင်သံကြားကို အဘက်ဘက်မှ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြသည့် အသိပညာရှင်/အတတ်ပညာရှင်များနှင့် မြဝတီစာပေတိုက်တွင် ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြသည့် စာပေနှင့်ဓာတ်ပုံပညာရှင်များအား ဂုဏ်ပြုလက်ဆောင်များကို တာဝန်ရှိသူများက ပေးအပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဧည့်သည်တော်များအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံပြီး မြန်မာနိုင်ငံဂီတအစည်းအရုံးမှ တေးသံရှင်များက တေးသီချင်းများဖြင့် တင်ဆက်ကြသည်။ **(သတင်းစဉ်)**

လေပြင်းတိုက်ခတ်မှုနှင့် မိုးသက်လေပြင်းကျရောက်ခဲ့မှုတို့ကြောင့် ပြည်နယ်နှင့်တိုင်းအချို့၌ ပျက်စီးဆုံးရှုံးမှုအချို့ရှိခဲ့

နေပြည်တော် ဧပြီ ၁

၂၀၁၀ခုနှစ် မတ် ၃၀ရက် ညနေပိုင်းက ပြည်နယ်၊ တိုင်းအချို့၌ လေပြင်းတိုက်ခတ်မှုနှင့် မိုးသက်လေပြင်းကျရောက်မှုများ ဖြစ်ပေါ်ခဲ့ပြီး ပျက်စီးဆုံးရှုံးမှုအချို့ရှိခဲ့ကြောင်း သိရှိရသည်။

မကွေးတိုင်းအတွင်း စလင်းမြို့နယ် ဇီးဖြူပင်ကျေးရွာအုပ်စု၊ ကန်တော်ကျေးရွာအုပ်စု၊ ဆင်မကျွန်းကျေးရွာအုပ်စု၊ ချောက်မြို့နယ် ကျွန်းသစ်အရှေ့ရွာ၊ တောင်တွင်းကြီးမြို့နယ် ဆတ်သွားကျေးရွာ၊ နတ်မောက်မြို့နယ် သာယာအေးကျေးရွာ၊ နေပြည်တော် တပ်ကုန်းမြို့နယ် ဗျိုင်းအင်းအုပ်စု ကံသာကျေးရွာတို့၌ ရုံး၊ ဌာန၊ ကျောင်းနှင့် နေအိမ်အချို့ ပြိုလဲခြင်း၊ အမိုးများလန်ခြင်း၊ သစ်ပင်များ ပြိုလဲခြင်း၊ တယ်လီဖုန်းလိုင်းများ ပြတ်တောက်ခြင်းတို့ ဖြစ်ပွားခဲ့ကြောင်းနှင့် လူ/တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

ထို့ပြင် မကွေးတိုင်းအတွင်းရှိ မကွေး၊ ရေနံချောင်း၊ မြို့သစ်၊ ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ပေါက်၊ ဆိပ်ဖြူ၊ ဂန့်ဂေါ၊ ထီးလင်း၊ ဆော၊ အောင်လံ၊ ဆင်ပေါင်ဝဲ၊ သရက်၊ ကံမ၊ မင်းတုန်း၊ မင်းလှ၊ မင်းဘူး၊ စေတုတ္တရာ၊ ငဖဲ၊ ပွင့်ဖြူမြို့နယ်များ၌လည်း လေပြင်းတိုက်ခတ်ခြင်း၊ မိုးအနည်းငယ်ရွာသွန်းခြင်းများ ဖြစ်ပွားခဲ့ကြောင်းနှင့် ပျက်စီးဆုံးရှုံးမှု မရှိကြောင်း သိရှိရသည်။

ပျက်စီးဆုံးရှုံး

မတ် ၃၁ရက် နံနက်အစောပိုင်းကလည်း ချင်းပြည်နယ် ဖလမ်းမြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုနှင့် မိုးသည်းထန်စွာရွာသွန်းမှု ဖြစ်ပွားခဲ့ကြောင်းနှင့် ဖလမ်းမြို့ပေါ်ရှိ တရန်တီးယို အားကစားကွင်း၊ ရဲစခန်း၊ ပြည်သူ့ဆေးရုံ၊ အခြေခံပညာအလယ်တန်းကျောင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်းရုံးနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းဂိုဒေါင်တို့၌ အမိုးများလန်ပြီး ပျက်စီးဆုံးရှုံးမှုများရှိခဲ့ကြောင်း၊ အလားတူ ဖလမ်းမြို့နယ် ဇိုမူးကျေးရွာအုပ်စု ဆာစီးရွာ အခြေခံပညာမူလတန်းကျောင်း ပြိုကျပျက်စီးသွားပြီး လုံးဖော့ကျေးရွာနှင့် ဓောင်းလေးကျေးရွာ အခြေခံပညာမူလတန်းကျောင်းများ၌ ပျက်စီးဆုံးရှုံးမှုအချို့ရှိခဲ့ကြောင်း သိရသည်။

ကူညီပံ့ပိုး

အဆိုပါလေပြင်းတိုက်ခတ်မှုနှင့်မိုးသက်လေပြင်းကျရောက်မှုတို့ကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာတာဝန်ရှိသူများက ကယ်ဆယ်ရေးလုပ်ငန်းများ ကူညီပံ့ပိုး ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အာဆင်နယ်တို့အိမ်ကွင်း၌ ဘာကာကို သရေကစား မီလီတို၏ဂိုးဖြင့် အင်တာမီလန်အောင်ပွဲခံ

မြင့်မောင်စိုး-ရေးသားသည်

လန်ဒန် ဧပြီ ၁

ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်များကို ဧပြီ ၁ ရက် နံနက်ပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားရာ လန်ဒန်မြောက်ပိုင်းသား အာဆင်နယ်တို့ ဥရောပချန်ပီယံ ဘာကာကို သရေလိုက်ကစားနိုင်၍ အကြိုဗိုလ်လုပွဲတက်ရောက်နိုင်ရေး မျှော်လင့်ချက်ရှိလာသည်။

အာဆင်နယ်က အိမ်ရှင်အဖြစ် ဥရောပချန်ပီယံဘာကာကို လက်ခံကစားခဲ့ရာ ပထမပိုင်းတွင် တစ်ဖက်နှင့်တစ်ဖက် အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြသော်လည်း ဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့ပေ။

ဘာကာအတွက် အဖွင့်ဂိုးကို အီဘရာဟင်မိုဗစ်က ဤသို့ သွင်းယူခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

ဒုတိယပိုင်း

ဒုတိယပိုင်းတွင် ဘာကာတို့ ပွဲစသည်နှင့် လျှပ်တစ်ပြက် တိုက်စစ်ဆင်ကစားရာ ပွဲစပြီးတစ်မိနစ်မှာပင် အီဘရာဟင်မိုဗစ်က ဇာဗီ၏ ဖြတ်တင်ဘောမှတစ်ဆင့် ဘာကာအတွက် အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ယင်းဂိုးမှာ အီဘရာဟင်မိုဗစ်၏ အင်္ဂလန်မြေတွင် ပထမဆုံးသွင်းယူခဲ့သည့် ချန်ပီယံလိဂ်ဂိုးဖြစ်သည်။ ယင်းဂိုးသွင်းယူနိုင်မှုကြောင့် ဘာကာတိုက်စစ်အား ပိုကောင်းလာပြီး ပွဲချိန် ၅၉ မိနစ်တွင် အီဘရာဟင်မိုဗစ်ကပင် ဘာကာအတွက် ဒုတိယမြောက်ဂိုး သွင်းယူခဲ့သည်။

ချေပ

ဥရောပချန်ပီယံ ဘာကာက လန်ဒန်မြောက်ပိုင်းကလပ် အာဆင်နယ်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်ကစားနေချိန်တွင် အာစင်ဝင်းဂါး၏လူငယ်များ တန်ပြန်တိုက်စစ်ဆင်ကစားပြီး နာဆရီအစားဝင်လာသူ တိုက်စစ်မှူး ဝေါလ်ကော့က ချေပဂိုး သွင်းယူနိုင်ခဲ့သည်။

အွန်နရီ

အာဆင်နယ်ကို ကျောခိုင်းထွက်ခွာသွားခဲ့သည့် တိုက်စစ်မှူးဟောင်း အွန်နရီသည် ပွဲချိန် ၇၇ မိနစ်ရောက်မှ အီဘရာဟင်မိုဗစ်အစား ဝင်ကစားခွင့်ရခဲ့သည်။ သို့သော် ပွဲချိန် ၈၃ မိနစ်တွင် ဘာကာဂိုးဧရိယာအတွင်း ဖာဘရီဂတ်စ်အား ပူယိုးလ်က ဂိုးသွင်းနိုင်ခြေအခွင့်အလမ်းကို ကြမ်းကြမ်းတမ်းတမ်းဖြတ်ထုတ်ကာ ဘောလုံးစည်းကမ်းနှင့်အညီ မကစားခဲ့၍ ကွင်းလယ်ဒိုင်လူကြီးက ပယ်နယ်တီပြစ်ဒဏ်ဘောအဖြစ် သတ်မှတ်ခဲ့သည့်အပြင် ပူယိုးလ်ကိုလည်း အနီကတ်ပြထုတ်ပယ်လိုက်သည်။ ယင်းပယ်နယ်တီကို ဖာဘရီဂတ်စ်ကပင် သွင်းယူခဲ့သဖြင့် တစ်ဖက်နှစ်ဂိုးစီ သရေကျသွားခဲ့သည်။

ဒုတိယအကျော့

အာဆင်နယ်နှင့် ဘာကာတို့၏ ဒုတိယအကျော့ပွဲစဉ်ကို စပိန်မြေ၌ ဧပြီ ၆ရက်တွင် ဆက်လက်ယှဉ်ပြိုင် ကစားကြပေဦးမည်။ ပွဲကြီးပွဲကောင်းဖြစ်၍ စောင့်ကြည့်ကြပေဦးလော့…။

အင်တာမီလန်အတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို မီလီတိုက ဤသို့ ထိုးဖောက်သွင်းယူခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

အင်တာမီလန်

စီးရီးအေကလပ် အင်တာမီလန်သည် အိမ်ကွင်း၌ ရုရှားကလပ် စီအက်စ်ကေအေမော်စကိုကို တစ်ဂိုး-ဂိုးမရှိဖြင့်သာ အနိုင်ရခဲ့၍ ဒုတိယအကျော့အနိုင်ရရေး အကြိတ်အနယ် ကြိုးစားရပေလိမ့်မည်။ စီအက်စ်ကေအေက အိမ်ကွင်း၌ အင်တာမီလန်ကို အနိုင်ကစားမည့် ခြေစွမ်းရှိနေခြင်းကြောင့်ဖြစ်သည်။

အင်တာမီလန်၏ တစ်လုံးတည်းသောအနိုင်ဂိုးကို ပွဲချိန် ၆၅မိနစ်တွင် မီလီတိုက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ယင်းအနိုင်ပွဲကြောင့် အင်တာမီလန်တို့ ယခုနှစ် ဘောလုံးရာသီအတွင်း အိမ်ကွင်းရှုံးပွဲမရှိစံချိန်ကို ဆက်ထိန်းထားနိုင်ခဲ့ပြန်သည်။ အင်တာမီလန်နှင့် စီအက်စ်ကေအေမော်စကိုတို့သည် ဒုတိယအကျော့အဖြစ် ဧပြီ ၆ရက်တွင် ရုရှားမြေပေါ်၌ ဆက်လက်ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ **(အင်တာနက်)**

နှစ်(၃၀)မြောက် မင်္ဂလာဆုတောင်း

ချစ်ဖေဖေ ဗိုလ်မှူးကြီး နေဝင်း(ငြိမ်း)နှင့် ချစ်မေမေ ဒေါ်စောသိန်း တို့၏ ၂-၄-၂၀၁၀ ရက်တွင် ကျရောက်သည့် နှစ်(၃၀)မြောက် မင်္ဂလာရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုများတိုင် ချစ်မိသားစုနှင့်အတူ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းတို့ ပြည့်စုံစွာဖြင့် သာယာအေးချမ်းသော ဘဝလေးကို ထာဝရပိုင်ဆိုင်နိုင်ပါစေဟု ဆုမွန်ကောင်း တောင်းလျက် —

ချစ်သမီး-ဆင့်ဆင့်ဖြိုး
M.E(IT),TU(Thanlyin)
Ph.D(EC)(CourseWork),Y.T.U

နှစ်သစ်ကူးမင်္ဂလာဆုမွန်လွှာ

ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း တည်ထောင်သူနှင့် ဥက္ကဋ္ဌဦးလှထွန်း၏ မေတ္တာဖြင့် မြန်မာတို့ရဲ့ နှစ်သစ်မင်္ဂလာ အခါသမယတွင် မြန်မာပြည်သူ ပြည်သားအပေါင်း မျှဝေလှူဒါန်းကြသော အလှူရှင်အပေါင်းနှင့် ကင်ဆာဝေဒနာရှင်များအား ပြုစုစောင့်ရှောက်ပေးကြသော ဆရာဝန်ကြီးများ၊ သမားတော်ကြီးများ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်-

အဖွဲ့ဝင်လူကြီးများ၊
ကင်ဆာဝေဒနာရှင်များနှင့် ဝန်ထမ်းများ၊
ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း၊
ရန်ကုန်၊ မန္တလေး။

စာအုပ်စာပေ လူ့မိတ်ဆွေ

ရွှေကူမြို့နယ် တောပုန်းကျေးရွာ၌ စာကြည့်တိုက်ဖွင့်

ရွှေကူ ဧပြီ ၁

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ် တောပုန်းကျေးရွာ ထွန်းတောက်စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲနှင့် မီဒီယာပစ္စည်း၊ ရန်ပုံငွေနှင့် စာအုပ်စာစောင် လှူဒါန်းပွဲကို မတ် ၂၆ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူး မြင့်လွင်ဦး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စိုးနိုင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးသိန်းထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အလှူရှင်များက စာကြည့်တိုက်အတွက် ရေဒီယိုတစ်လုံးနှင့် သုတရသစာအုပ်စာစောင် အုပ် ၁၃၀၊ ဂျာနယ်မျိုးစုံ အစောင် ၆၀နှင့် ဒေသခံစေတနာရှင်ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ကွင်းဆင်းစစ်ဆေး

ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင် မတ် ၁၆ရက်က ရွှေတောင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့ရေပေးရေး မြေစိုက်ရေလှောင်ကန်နှင့် အမြင့်တင်ရေစင်ကြံ့ခိုင်ရေး ဆောင်ရွက်ထားရှိမှုကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဟန်ရှိန်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)



ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အောက်ပုဇွန်တောင်လမ်းရှိ **Winning Security Group Co., Ltd.** ရုံးခန်းမတွင် မီးဘေးအန္တရာယ်ကာကွယ်ရေး ပညာပေးဟောပြောပွဲနှင့် သရုပ်ပြပွဲကို မတ် ၃၁ရက်က ကျင်းပရာ ကျောက်တံတားမြို့နယ် မီးသတ်ဦးစီးဌာနမှူးက မီးဘေးအန္တရာယ် ပညာပေးဟောပြောပြီး လုံခြုံရေးဝန်ထမ်းများက မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်ကြစဉ်။ (မြို့နယ်မီးသတ်)

ကော့သောင်းမြို့နယ်၌ မြသဇင်စာကြည့်တိုက်ဖွင့်

ကော့သောင်း ဧပြီ ၁

ကော့သောင်းမြို့နယ် အော်ကြီးကျေးရွာအုပ်စု သရက်ပင်ကျေးရွာ မြသဇင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၁၃ရက် မွန်းလွဲ ၂နာရီက ကျင်းပသည်။

အခမ်းအနားတွင် စာကြည့်တိုက် အဆောက်အအုံသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ထွန်းသိန်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကေသီရှိန်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးထွန်းဝေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

နေပြည်တော်မဟာသင်္ကြန် Tour Gold Cup ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

နေပြည်တော် ဧပြီ ၁

*နေပြည်တော် မဟာသင်္ကြန် **Tour Gold Cup** ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ဧပြီ ၁၄ရက်မှ ၁၆ရက်အထိ နေပြည်တော်ဂေါက်ကွင်း၊ မြို့တော်ဂေါက်ကွင်းနှင့် **Royal Myanma** ဂေါက်ကွင်းတို့၌ တစ်ကွင်းတစ်ရက်စီဖြင့် သုံးရက် ကျင်းပမည်ဖြစ်သည်။*

ထိုက်ထိုက်တန်တန်

ပြိုင်ပွဲတွင် ရွှေ၊ ငွေအဆင့် အသင်းလိုက်ပြိုင်ပွဲနှင့် ရွှေ၊ ငွေအဆင့် တစ်ဦးချင်းပြိုင်ပွဲများ ပါဝင်မည်ဖြစ်ပြီး ဆုများအနေဖြင့် နေ့စဉ်ကွင်းအလိုက် ကျင်းပမည့် ပြိုင်ပွဲများတွင် အသင်းလိုက် ပထမ၊ ဒုတိယဆုများနှင့် တစ်ဦးချင်း ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထနှင့် ပဉ္စမဆုများကိုလည်း ကွင်းအလိုက် ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

*ဂေါက်ကွင်း တစ်ကွင်းတွင် တစ်ရက်စီဖြင့် သုံးရက်ယှဉ်ပြိုင်ကစားပြီးပါက အကောင်းဆုံးအသင်းအတွက် နေပြည်တော် မဟာသင်္ကြန် **Tour Gold Cup** ဖလားနှင့် အားကစားသမားတစ်ဦးချင်းကိုလည်း ရွှေသားရုပ်တု တစ်ဆုနှင့် ငွေကျပ် ၁၀သိန်းစီ အပြင် ဒုတိယရရှိသည့် အသင်းအား တစ်ဦးချင်း ငွေသားရုပ်တု တစ်ဆုနှင့် ငွေကျပ်ခုနစ်သိန်းစီ ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး သုံးရက်ပေါင်း တစ်ဦးချင်း အကောင်းဆုံးအားကစား သမားအား ရွှေသားရုပ်တုတစ်ဆုနှင့် ငွေကျပ်၁၀သိန်း၊ ဒုတိယဆုရရှိသည့် အားကစားသမားအား ငွေသားရုပ်တု တစ်ဆုနှင့် ငွေကျပ်ခုနစ်သိန်းစီ ချီးမြှင့်ပေးမည်ဖြစ်သည်။*

ပါဝင်ယှဉ်ပြိုင်နိုင်

*ပြိုင်ပွဲဝင်အသင်းတစ်သင်းစီတွင် အားကစားသမား ခြောက်ဦးပါဝင်ရမည်ဖြစ်ပြီး **Pro** အားကစားသမား နှစ်ဦးအထိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲတွင် အားကစားသမားအားလုံးအနေဖြင့်လည်း အကျော့ပေး သတ်မှတ်ချက် **(Handicap Zero)** ဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။*

ပြိုင်ပွဲစည်းကမ်းအနေဖြင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ သတ်မှတ်ထားသော စည်းကမ်းများနှင့် ကွင်းအလိုက် သတ်မှတ်ထားသည့် ဒေသန္တရစည်းမျဉ်း ဥပဒေများအတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသည့် ဂေါက်သီးရိုက်အားကစားသမားများ၏ အမည်စာရင်းကို ဧပြီ၈ရက် နောက်ဆုံးထား၍ နေပြည်တော် မြို့တော်ဝန်ရုံး ဖုန်း-၀၆၇-၄၁၄၆၁၀၊ ၄၁၄၂၈၉တို့သို့ ပေးပို့ရမည်ဖြစ်သည်။ *(သတင်းစဉ်)*

ခြင်ဆေးခွေသုံးလျှင် အနီးတွင် လောင်စာပစ္စည်း မထားနှင့်

ပတ်ဝန်းကျင်သန့်ရှင်းရေး အသိပညာပေးဆွေးနွေး

မန်စီ ဧပြီ ၁

ကချင်ပြည်နယ် မန်စီမြို့နယ် ကျန်းမာရေးဦးစီးဌာနက ကြီးမှူး၍ ပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု အသိပညာပေးဆွေးနွေးပွဲကို မတ် ၁၁ရက် နံနက် ၁၀နာရီက မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင်မြို့နယ်လက်ထောက်ဆရာဝန် ဒေါက်တာသီသီခိုင်က အမှာစကားပြောကြားပြီး မြို့နယ်သူနာပြုဆရာမကြီး ဒေါ်ဘောက်ရာနှင့် ကျန်းမာရေးကြီးကြပ်-၂ ဦးတူးလွမ်တို့က ပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု အသိပညာပေးဆွေးနွေးသည်။ **(မြို့နယ် ပြန်/ဆက်)**

သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အသိပညာပေး ရှင်းလင်းဆွေးနွေး

ကန့်ဘလူ ဧပြီ ၁

စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး အသိပညာပေးရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၂၆ရက် မွန်းလွဲ ၂နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခန်းမ၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

အစီအစဉ်အရ မြို့နယ်ကျန်းမာရေး ကော်မတီအတွင်းရေးမှူးဒေါက်တာတင်ငွေက သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားရခြင်းနှင့်ကြိုတင်ကာကွယ်ရေး၊ ပတ်ဝန်းကျင် သန့်ရှင်းရေး၊ ခြင်၊ ယင်နှင့်ပိုးလောက်လမ်း နှိမ်နင်းရေးတို့ကို ရှင်းလင်းဆွေးနွေးသည်။

ပပျောက်သွားမည်

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးဝေမျိုးခိုင်က ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရာ၌ တစ်အိမ်ချင်း၊ တစ်ရွာချင်းမှ မြို့နယ်လုံးကျွတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အပတ်စဉ်ပုံမှန်ဆောင်ရွက်ပါက ကူးစက်ရောဂါများ လုံးဝ ပပျောက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။ (၀၂၇)

ကျေးရွာစာကြည့်တိုက်များဖွင့်လှစ်မှု မိုးမောက်၌စစ်ဆေး

မိုးမောက် ဧပြီ ၁

ကချင်ပြည်နယ် မိုးမောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လွန်းနန်းထွေးနှင့် (စာထောက်-၃)ဒေါ်မြမြရင်၊ (စာတ်ပုံ-၂) ဦးမလန်လာ့လွမ်တို့လိုက်ပါ၍ မတ် ၂၅ရက် နံနက် ၈နာရီက မိုင်းခတ်ကျေးရွာသို့ရောက်ရှိပြီး ရပ်ကွက်ဥက္ကဋ္ဌနှင့် စာကြည့်တိုက် ကော်မတီဝင်များနှင့် တွေ့ဆုံကာ စာကြည့်တိုက် အဆောက်အအုံကို အမြန်ဆုံးဆောက်လုပ်နိုင်ရေးနှင့် အဆောက်အအုံဆောက်လုပ်ရန်ပစ္စည်းများ (သွပ်၊ ပျဉ်၊ ထရံ)စုဆောင်းထားမှုကို ကြည့်ရှုသည်။

ထို့နောက် တာလီကျေးရွာ၊ တောပေကျေးရွာ၊ နွယ်လန်းကျေးရွာတို့သို့ သွားရောက်ပြီး စာကြည့်တိုက်ဖွင့်လှစ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး မွန်းလွဲ ၂နာရီတွင် ကျေးလက်နေပြည်သူများနှင့်တွေ့ဆုံကာ စာဖတ်ရှိန်မြင့်မားရေး၊ စာအုပ်စာစောင် တိုးပွားရေး၊ ငွေပဒေသာပင်စိုက်ထူရေးတို့ကို ဆွေးနွေးသည်။ (မြို့နယ် ပြန်/ဆက်)

ရှင်းလင်းတင်ပြ

စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင်နှင့်အဖွဲ့ အရာတော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့ရေပေးရေးအတွက် ရေပေးဝေဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဘဝအမောပြေ

ကျန်းမာရေး . . . .

လူကုံထံရပ်ကွက်တစ်ခုအတွင်း စိတ်အေးလက်အေး လမ်းလျှောက်နေသော လူတစ်ဦးအနီးသို့ အမျိုးသားတစ်ဦး ရောက်ရှိလာပြီး အောက်ပါအတိုင်းမေးလေသည်-

အမျိုးသား ။ ။ မိတ်ဆွေ… လမ်းလျှောက်နေတာလား။

လမ်းလျှောက်သူ ။ ။ ကျန်းမာရေးအတွက်ပေါ့။

အမျိုးသား ။ ။ ငွေကြေးချမ်းသာပေမယ့် ကျန်းမာရေးကောင်းဖို့လည်း လိုတယ်။

လမ်းလျှောက်သူ ။ ။ မှန်တာပေါ့… ကျွန်တော်ငွေကြေးချမ်းသာပေမယ့် ကျန်းမာရေးမကောင်းလို့ အခုလမ်းလျှောက်နေတာ။

အမျိုးသား ။ ။ ဒါထက်…ဒီနားမှာ ရဲတပ်ဖွဲ့ဝင်တွေ တွေ့မိလား…။

လမ်းလျှောက်သူ ။ ။ မတွေ့မိဘူးဗျ… ဘာဖြစ်လို့လဲ…။

အမျိုးသား ။ ။ အတော်ပဲ…ခင်ဗျားမှာရှိတာ အကုန်ပေးစမ်း…။

လမ်းလျှောက်သူ ။ ။ "ဗျာ"

ဘဝဒဿန

- *The man who speaks gently is heard further.*
  နူးညံ့သိမ်မွေ့စွာ ပြောဆိုလေ့ရှိသူ၏ စကားသည် ပို၍ ထိရောက်မှု ရှိသည်။ ***(ချားလ်ဝီလျံ)***

- *Where enthusiasm is a habit, fear and worry do not hang around.*
  စိတ်အားထက်သန်မှုသည် အလေ့အကျင့်တစ်ခုဖြစ်နေပါက ကြောက်စိတ်နှင့် သောကတို့သည် ဝင်လာနိုင်စရာအကြောင်းရှိမည်မဟုတ်ပါချေ။ ***(ဘားနက်ရှော)***

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်ဆိုသူများ

တိုး၊ မောင်မောင်ဆွေ၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ တင်မာဝင်းနှင့် မြကေခိုင်စိုး

ကမ္ဘာ့အသက်အငယ်ဆုံး ဘီလျံနာများ

စုစည်းတင်ပြသူ - မောင်မောင်မြင့်ဆွေ

စာမျက်နှာဖွဲ့စည်းမှု - ခိုင်လွင် (မြန်မာ့အလင်း)

ကမ္ဘာပေါ်တွင် အချမ်းသာဆုံး ပုဂ္ဂိုလ်များစာရင်းကို အမေရိကန်နိုင်ငံမှ ဖောဘတ်စ်မဂ္ဂဇင်းက နှစ်စဉ် စာရင်းပြုစု ရွေးချယ်ထုတ်ပြန်လျက်ရှိသည်။ ဖောဘတ်စ်မဂ္ဂဇင်းအနေဖြင့် ကမ္ဘာပေါ်တွင် အသက်အငယ်ဆုံး ဘီလျံနာသူဌေးများစာရင်းကို လည်း မတ် ၁၈ ရက်က စာရင်းပြုစုဖော်ပြခဲ့ရာမှ အချို့ကို စုစည်း ဖော်ပြရပါလျှင်-

မက်ဇူကာဘတ်

အမေရိကန်နိုင်ငံသားဖြစ်သည်။ အသက် ၂၅ နှစ်အရွယ်သာရှိပြီး ၂၀၀၄ ခုနှစ်မှစတင်ကာ လူမှုရေးဆိုင်ရာနက်ဝပ်ကင်းနှင့်ပတ်သက်သော ကုမ္ပဏီကို စတင်ထူထောင်ခဲ့သူဖြစ်သည်။ ထို့အပြင် **Facebook** ကို စတင်ထူထောင်ခဲ့သူလည်းဖြစ်ပြီး လက်ရှိ၌ ကမ္ဘာတစ်ဝန်းသို့ စီးပွားရေးလုပ်ငန်း တိုးချဲ့ရန် ဆောင်ရွက်လျက်ရှိသည်။ မက်ဇူကာဘတ်၏လက်ရှိချမ်းသာမှု ငွေကြေးပမာဏမှာ အမေရိကန်ဒေါ်လာ လေးဘီလီယံကျော်ဖြစ်သည်။ ကမ္ဘာပေါ်တွင် အသက်အငယ်ဆုံးထိပ်တန်း ဘီလျံနာဖြစ်သည်။ (အပေါ်ပုံ)

ဂျွန်အာနို

အမေရိကန်နိုင်ငံသားဖြစ်ပြီး လက်ရှိအသက်မှာ ၃၆ နှစ်ဖြစ်သည်။ စွမ်းအင်အရောင်းအဝယ်လုပ်ငန်းများကို လုပ်ကိုင်သူဖြစ်သည်။ စွမ်းအင်အကျပ်အတည်း ဖြစ်ရာတွင် အင်ရွန်ကုမ္ပဏီ ပြိုလဲခဲ့ပြီးနောက် အင်ရွန်ကုမ္ပဏီကို ဆက်လက်တာဝန်ယူခဲ့သူလည်း ဖြစ်သည်။ ၂၀၀၂ ခုနှစ်တွင် လုပ်ငန်းများပြန်လည်တည့်မတ်နိုင်ခဲ့ပြီး ယခုအချိန်၌ လုပ်ငန်းများ တိုးချဲ့နေသူဖြစ်သည်။ ဂျွန်အာနို၏ ငွေကြေးကြွယ်ဝမှုမှာ အမေရိကန်ဒေါ်လာ လေးဘီလီယံခန့်ရှိသည်။ ကမ္ဘာပေါ်တွင် ဒုတိယ အချမ်းသာဆုံးအဖြစ် ဖော်ပြထားသည်။ **(ယာပုံ)**

ယန်ဝေရင်

တရုတ်နိုင်ငံသူ တစ်ဦးဖြစ်ပြီး လက်ရှိ အသက်မှာ ၂၈ နှစ်ဖြစ်သည်။ သူမ၏ ဖခင်ဖြစ်သူ ယန်ကျိုကျင်းပိုင်ဆိုင်သော ဂေါင်တောင်မြို့ရှိ အပန်းဖြေဥယျာဉ်ကမ္ဘာကို ဆက်လက်တာဝန်ယူခဲ့သူဖြစ်သည်။ လုပ်ငန်းတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ပြီး အခြားလုပ်ငန်းများမှ အစုရှယ်ယာအများအပြားကို ပိုင်ဆိုင်ထားသူလည်းဖြစ်သူ ယန်ဝေရင်၏ လက်ရှိ ကြွယ်ဝချမ်းသာမှုမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၄ ဘီလီယံဖြစ်ပြီး ကမ္ဘာပေါ်တွင် တတိယမြောက် အချမ်းသာဆုံး လူငယ်ဘီလျံနာ တစ်ဦးဖြစ်သည်။ (ဝဲပုံ)

နိုင်ငံတကာမှုခင်း

နိဂုံးမချုပ်မီက အဆုံးသတ်လိုက်ရသူ

"မကောင်းမှုကိုရှောင်၊ ကောင်းမှုကိုဆောင်"

ဤကား သူတော်ကောင်းသူမြတ်လောင်းတို့၏ ကိုယ်ကျင့်တရားဖြစ်၏။ တစ်နည်းဆိုရပါလျှင် လူကောင်းလူတော်တို့၏ အကျင့်ပင်တည်း။

ဂျက်ဖရေဒါးမားဆိုသူကား မကောင်းမှုကိုလည်းမရှောင်၊ ကောင်းမှုကိုလည်း မဆောင်သူပါ။

ဘဝနိဂုံး မလှပသူ ဂျက်ဖရေဒါးမား။

သတ်ဖြတ်

ကြည့်လေ၊ ကိုယ်ချင်းမစာနာဘဲ ဘဝတူလူသားအမြောက်အမြားကို သတ်ဖြတ်ရက်လေစွ။ လူတော်တော်များများ ၎င်း၏လက်ချက်ဖြင့် ဘဝနိဂုံးအဆုံးသတ်ရလေသတတ်။

သူသည် လူတွေကိုသတ်ရုံနှင့် မတင်းတိမ်သေး။ သေပြီးသူကိုမှ မေထုန်မှီဝဲလိုပြန်ပါသတဲ့။ မေထုန်မှီဝဲသမှ ယောက်ျားချင်းလည်းမရှောင်၊ မိန်းမကိုလည်းလက်မလွှတ်၊ ကလေးသော လူကြီးသောမစောကြော။

သူ့ကိုတကယ့်လူမိုက်၊ လူယုတ်မာဟု အများက ရှုတ်ချကြလေမည်မချွတ်။

သူ့ကို ဘာသာတရားဘက်က သုံးသပ်လျှင်လည်း ခွင့်လွှတ်စရာရှိချေမည်မဟုတ်။ အလားတူ သာမန်လူသားတစ်ယောက်အနေဖြင့်ကြည့်လျှင်လည်း သည်းမခံနိုင်စရာ။

သို့သော် ဘဝနိဂုံးအဆုံးသတ်ခါနီးကျမှ သံဝေဂရသယောင်ယောင်တော့ ရှိသွားလေရဲ့။

အဆုံးအဖြတ်ပေး

မည်သို့ပင်ဖြစ်စေ နောက်ဆုံး၌ကား တရားဥပဒေစိုးမိုးရေး ရှုထောင့်မှနေ၍ အဆုံးအဖြတ်ပေးရချေတော့၏။ ပုထုဇဉ်တို့၏လောကအမြင်မှာ ဤသည်သာ တရားသောလုပ်ရပ်ဟု ဆိုပေသကိုး။

ကိုင်း…. ဤသို့ဖြင့် ဂျက်ဖရေဒါးမားဆိုသူ၏ ဘဝဇာတ်လမ်းကို မီးခိုးကြွက်လျှောက် ဆုံးခန်းရောက်အောင် ဆန်းစစ်ကြည့်ကြပါစို့။

မိတ်ဆက်ပေး

ဂျက်ဖရေဒါးမားသည် အမေရိကန်ပြည်ထောင်စုသားတစ်ယောက် ဆိုသည်ကိုမူ မရေးမနှောင်းကပင် မိတ်ဆက်ပေးထားပြီးဖြစ်သည်မို့ သိရှိပြီးသားဖြစ်ပေလိမ့်မည်။

သို့သော် ယခုအခါတွင်မူ ဂျက်ဖရေဒါးမားသည် ဝစ္စကွန်ဆင်ပြည်နယ် ပေါတက်ရှ်မြို့ရှိ ကိုလံဘီယာအကျဉ်းစခန်း (ကိုလံဘီယာ အကျင့်စာရိတ္တပြုပြင်ရေးစခန်း)သို့ ရောက်ရှိနေချေပြီ။ သူ့ကို ထောင်သွင်းအကျဉ်းချလိုက်ချေပြီလေ။ ဒါတင်ပဲလား၊ မဟုတ်သေး။

ပထမသော် ဂျက်ဖရေဒါးမား၏လုံခြုံရေးအတွက် ဂျက်ဖရေဒါးမားကို အခြားသော သာမန်အကျဉ်းသားများနှင့် အတူမထားဘဲ သီးခြားခွဲပေးထားသည်။ သို့ရာတွင် ဂျက်ဖရေဒါးမားသည် အကျဉ်းသားဘဝနှင့် လိုက်လျောညီထွေဖြစ်အောင် အလိုက်သင့် အလျားသင့်နေတတ်သည့် အကျဉ်းသားတစ်ဦးဖြစ်သည်ဟု သတ်မှတ်ခံထားရကြောင်း ကျန်ဘဝတူ အကျဉ်းသားအားလုံးက ပြောပြကြပါသတဲ့။

ထို့အပြင် သူသည် ဘုရားသခင်က ထပ်မံမွေးဖွားလိုက်သူဖြစ်ကြောင်း သူ့ကိုယ်သူ ကြေညာသည်ဟုဆိုပဲ။

ဤသို့ဖြင့် ဂျက်ဖရေဒါးမားသည် တဖြည်းဖြည်းဆိုသလို အခြားအကျဉ်းသားများနှင့် ဆက်ဆံခွင့်ရလာသည်။ စကားစမြည် ပြောဆိုခွင့်ရလာသည်။ ကျန်အကျဉ်းသားများနှင့် အရောတဝင်နေခွင့် မရသည့်တိုင်အောင် သူစိမ်းတစ်ရံဆံတွေကဲ့သို့ မနေရတော့ဘဲ မေးထူးခေါ်ပြောလောက်တော့ ဆက်ဆံလာရသည်။ ရန်သူတွေကြားရောက်လာသည့် ကျားကဲ့သို့ မဟုတ်လေတော့ပြီ။

ဆိုရိုးစကား

"ရေနှစ်သေရမယ့်သူဟာ မီးလောင်ပြီးမသေဘူး။ ထိုနည်းတူ မီးလောင်ပြီး သေရမယ့်သူဟာလည်း ရေနှစ်ပြီးမသေဘူး။ အလားတူပဲ ကျားကိုက်ခံရပြီးသေရမယ့်သူဟာ လူရိုက်လို့ မသေဘူး။ လူရိုက်ခံရပြီးသေရမယ့်သူဟာလည်း ကျားကိုက်ပြီးမသေရဘူး။" ဤသည်ကား သက်ကြီးရွယ်အို လူကြီးသူမတို့၏ ဆိုရိုးစကားတည်း။ ဟူးရားဖြူ၊ ဟူးရားညိုတို့၏ ဗေဒင်ဟောစာတမ်းလည်းဖြစ်သဗျ။

အမှန်ကတော့ ကံကြမ္မာဖန်လာသည့်အတိုင်း အလိုလိုက်ရသည်က များပါဘိ။ အလိုလိုက်ရသည်ချည်းကိုး။ ဒီနေရာတွင် ဂျက်ဖရေဒါးမား၏ ဘဝနိဂုံးကို လှမ်းမျှော်ကြည့်ကြစို့ဗျာ။

ဂျက်ဖရေဒါးမားသည် လူတွေကို တစ်ယောက်ပြီးတစ်ယောက် သတ်ပြီး မဟုတ်တမ်းတရားတွေလုပ်ခဲ့သည်ကို အားလုံးအသိ၊ သူ့ကိုတစ်သက်တစ်ကျွန်းထောင်ဒဏ် ၁၅ နှစ်နှင့် ထောင်သက် ၉၃၇ နှစ်ကြီးများတောင် ပြစ်ဒဏ်ပေးထားပြီးဖြစ်သဖြင့် လူရိုက်ခံရပြီး သေရလိမ့်မည်ဟူ၍ ဘယ်သာမန်လူတွေကမှ ဟောစတမ်း မထုတ်နိုင်ပါဘူး။

သို့ပင်သို့ငြားသော်လည်းဗျာ။ သူ့ကြမ္မာကသည်လိုပါ။

သေလုမျောပါး

၁၉၉၄ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် အကျဉ်းထောင်အားကစားရုံ၌ အခြားအကျဉ်းသားအချို့နှင့်အတူ ဂျက်ဖရေဒါးမား ကစားနေခဲ့သည်။ ထိုစဉ် ခရစ္စတိုဖာစကာဗာဆိုသူ ဘဝတူအကျဉ်းသားတစ်ဦးက ရိုက်သတ်လိုက်သဖြင့် ဂျက်ဖရေဒါးမားနှင့်အတူ အခြားအကျဉ်းသားတစ်ဦးဖြစ်သူ ဂျက်ဆီအင်ဒါဆင်တို့ သေဆုံးခဲ့ကြရသည်။ ဂျက်ဆီအင်ဒါဆင်ဆိုသူကား သူ၏ဇနီးသည်ကို သတ်ဖြတ်မှုဖြင့် ပြစ်ဒဏ်ကျခံနေရသူဖြစ်သည်။ ခရစ္စတိုဖာစကာဗာဆိုသူကား စိတ်ကစဉ့်ကလျားရောဂါ ဖိစီးမှုဖြင့် ပထမအဆင့် လူသတ်မှုကျူးလွန်ကာ ထောင်ဒဏ်ကျခံနေရသူဖြစ်သည်။ ထောင်ကြပ်များက မည်သည့်အကြောင်းကြောင့်ဟူ၍ မည်မည်ရရ မပြောဘဲ သူတို့သုံးဦးစလုံးကို သီးသန့်ချန်ထားရစ်ခဲ့သည်။ မိနစ် ၂၀ ကြာမှ ထောင်ကြပ်များ ပြန်လာသည်။ ထောင်ကြပ်များ ထိုသို့ပြန်လာချိန်တွင် ဂျက်ဆီအင်ဒါဆင်က သေနေပြီ။ ဂျက်ဖရေဒါးမားကား ဦးခေါင်းတွင် ပြင်းထန်စွာဒဏ်ရာရပြီး သေလုမျောပါးဖြစ်နေချိန်…..။

ထို့ကြောင့် ဂျက်ဖရေဒါးမားကို သက်ဆိုင်ရာဆေးရုံသို့ အဆောတလျင် ပို့လိုက်ရသည်။ သို့သော် ဂျက်ဖရေဒါးမားသည် ဆေးရုံမရောက်မီ အရေးပေါ် လူနာတင်ယာဉ်ပေါ်၌ပင် အနိစ္စသဘောဖြင့် ကိစ္စချောသွားရလေသတည်း။

သုတေသနပြု

သို့ပင်ဖြစ်လင့်ကစား ကိစ္စကားမပြီးပြတ်သေး။ ၎င်း၏ ရုပ်ကလာပ်ကို ချက်ချင်း မီးသင်္ဂြိုဟ်လိုက်ကြရန် ဂျက်ဖရေဒါးမားက ၎င်းမသေခင် ရေးသားခဲ့သော သေတမ်းစာတွင် မေတ္တာရပ်ခံထားခဲ့သည်။ မည်သို့ပင်ဖြစ်စေ ဆေးသုတေသီအချို့ကမူ ဆေးဘက်ဆိုင်ရာ သုတေသနပြုလုပ်နိုင်ရေးအတွက် သူ၏ဦးနှောက်ကို မပျက်မစီးအောင် ထိန်းသိမ်းထားလိုကြပြန်သည်။

ဂျက်ဖရေဒါးမား၏ ဖခင်ဖြစ်သူ လီယွန်နေဒါးမားကမူ သူ့သား၏ဆန္ဒအတိုင်း ဆောင်ရွက်လိုသည်။ ၎င်း၏သားကျန်ရစ်သည့် ရုပ်ကြွင်းဟူသမျှကို မီးရှို့ပစ်လိုက်ချင်သည်။ ဂျက်ဖရေဒါးမား၏ မိခင်ဖြစ်သူ ဆန္ဒကား ဤသို့မဟုတ်။ သူမသား၏ ဦးနှောက်ကို သုတေသနပြုရန် ရေရှည်ထိန်းသိမ်းထားသင့်သည်ဟု ယူဆသည်။ ဂျက်ဖရေဒါးမား၏ ဖခင်ဖြစ်သူ ဆန္ဒကတစ်မျိုး၊ မိခင်ဖြစ်သူ၏ သဘောထားက တစ်ဖုံ။

လွန်ဆွဲပွဲ

ထို့ကြောင့် ဂျက်ဖရေဒါးမား၏ မိဘနှစ်ပါးစလုံး တရားရုံးသို့ သွားရောက်၍ အဆုံးအဖြတ်ခံကြသည်။ သူနိုင်ကိုယ်နိုင် အပြိုင်ဆွဲရသည့် လွန်ဆွဲပွဲလေးတစ်ခုပမာ။

တရားသူကြီးက ဂျက်ဖရေဒါးမား၏ ဖခင်ဖြစ်သူ လီယွန်နေဒါးမားဘက်က ရပ်တည်လိုက်သည်။ ဂျက်ဖရေဒါးမား၏ ရုပ်ကလာပ်ကို သက်သေခံအထောက်အထားအဖြစ် ကာလအတန်ကြာအောင် ထိန်းသိမ်းထားပြီးနောက်မှ ဂျက်ဖရေဒါးမား၏ လိုအင်ဆန္ဒအတိုင်း မီးသင်္ဂြိုဟ်လိုက်လေတော့သည်။

ဂျက်ဖရေဒါးမား၏ ရုပ်အလောင်းမှ ထွက်လာသော မီးခိုးများကား တအူအူနှင့်။ အတန်ကြာသော် ထိုမီးခိုး ဘယ်သို့ရောက်သွားလေပြီမသိ။ ။ **ကိုးကား-အင်တာနက်**

ဆွေ-ရေးသားသည်

သို့ပင်ဖြစ်လင့်ကစား ကိစ္စကားမပြီးပြတ်သေး။ ၎င်း၏ ရုပ်ကလာပ်ကို ချက်ချင်း မီးသင်္ဂြိုဟ်လိုက်ကြရန် ဂျက်ဖရေဒါးမားက ၎င်းမသေခင် ရေးသားခဲ့သော သေတမ်းစာ တွင် မေတ္တာရပ်ခံထား။ မည်သို့ပင်ဖြစ်စေ ဆေးသုတေသီအချို့ကမူ ဆေးဘက် ဆိုင်ရာ သုတေသနပြုလုပ်နိုင်ရေးအတွက် သူ၏ဦးနှောက်ကို မပျက်မစီးအောင် ထိန်းသိမ်းထားလိုကြ။

2-4 (15).pmd 1 4/2/2010, 2:48 AM

ဘားအံမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် စည်ပင်/ပြည်သူ ပူးပေါင်းပြီး အမှတ်(၂)ရပ်ကွက် သီတာအရှေ့လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဘားအံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးတင်ကိုနှင့် လုပ်ငန်းတာဝန်ခံအင်ဂျင်နီယာဦးဌေးအောင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သက်ကြီးရွယ်အို စောင့်ရှောက်ရေးအတွက် ငွေပဒေသာပင် လှူဒါန်းပွဲ အရာတော်၌ကျင်းပ

အရာတော် မတ် ၂၅

မုံရွာခရိုင် အရာတော်မြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ ဆာဆာကာဝါခန်းမ၌ မြို့နယ်ဆေးရုံကြီးကြပ်မှုကော်မတီ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော သက်ကြီးရွယ်အို ကျန်းမာရေးစောင့်ရှောက်မှုအတွက် ငွေပဒေသာပင် ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

လက်ခံ

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းဝင်းက အမှာစကားပြောကြားပြီးနောက် အလှူရှင်များဖြစ်ကြသော အရာတော်မြို့နယ် ရဲချင်းကျေးရွာနေ ဦးသန်းရွှင်-ဒေါ်ဆိတ်ပိုတို့က ငွေကျပ်ငါးသိန်းကို လှူဒါန်းရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်သီသီလွင်က လက်ခံယူပြီး (ယာပုံ) ကျန်ရှိသည့် အလှူရှင် ၅၂ ဦးတို့က လှူဒါန်းသည့် အလှူငွေပေါင်း ငွေကျပ်ဆယ်သိန်း တစ်သောင်းကို သက်ဆိုင်ရာ တာဝန်ရှိသူတို့က လက်ခံယူကြသည်။

(မြို့နယ် ပြန်/ဆက်)

မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေနှင့်အဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ပေါင်-ထန်းပင်ချောင်ကြီး ကျေးလက်လမ်း ကတ္တရာ ထပ်ပိုးလွှာခင်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်လှက ရှင်းလင်းတင်ပြစဉ်။ (၁၇၆)

မြို့နယ်သတင်း ထွေတလာ

စာပေဟောပြောပွဲ ပဲခူးမြို့၌ ကျင်းပ

ပဲခူး မတ် ၂၅

သစ်တောရေးရာဝန်ကြီးဌာန ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန၊ ပဲခူးမြို့နယ် ဘုရားကလေးကျေးရွာ အမှတ်(၃၈)သစ်စက်၏ ပထမအကြိမ်စာပေဟောပြောပွဲကို မတ် ၂၂ရက် ည ၇နာရီက စက်ရုံဝင်းအတွင်း၌ ကျင်းပသည်။

နှုတ်ခွန်းဆက်

ဟောပြောပွဲအခမ်းအနားတွင် ပဲခူးတိုင်း(အရှေ့ပိုင်း)သစ်ထုတ်လုပ်ရေး မန်နေဂျာ ဦးတင်ဝင်း၊ အမှတ်(၃၈)သစ်စက် စက်ရုံမှူး ဦးသန်းလှနှင့် ပဲခူးမြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးစိန်လှိုင်(စိန်လှိုင်ဗိုလ်)တို့က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဟောပြော

ထို့နောက် အမျိုးသားစာပေဆုရ စာရေးဆရာချစ်စံဝင်း၊ အမျိုးသားစာပေဆုရ စာရေးဆရာ လယ်တွင်းသားစောချစ်နှင့် စာရေးဆရာ အကြည်တော်တို့က စာပေရေးရာများ ဟောပြောကြသည်။ (ဝ၆ဝ)

တစ်အိမ်ထောင် ကျွန်းသုံးပင်နှင့် ယူကလစ်ပင် ၂၀ စိုက်ပျိုးနိုင်ရေး လှိုင်ကော်၌ ဟောပြော

လှိုင်ကော် မတ် ၅

ကယားပြည်နယ် လှိုင်ကော်မြို့ လှိုင်လင်ကျေးရွာအုပ်စု ဒေါတနောကျေးရွာ မူလတန်းကျောင်း၌ ကျေးလက်အိမ်ရာ တစ်အိမ်ထောင်ကျွန်းသုံးပင်နှင့် ယူကလစ်ပင် ၂၀ စိုက်ပျိုးရေးနှင့် စိုက်ပျိုးရမည့်နည်းလမ်းများကို ဖေဖော်ဝါရီ ၂၀ရက်က ကွင်းဆင်းဟောပြောသည်။

ရှေးဦးစွာ သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးရဲနိုင်ချိုက ယူကလစ်ပင် စိုက်ပျိုးရခြင်း အကျိုးကျေးဇူး၊ တစ်ဧကစိုက်ပျိုးနိုင်မည့် အပင်အရေအတွက်၊ နှစ်အလိုက် ထွက်ရှိလာမည့် တန်ချိန်များကို ဆွေးနွေးသည်။

ကြည့်ရှုအားပေး

ထို့နောက် တက်ရောက်လာကြသော ဒေသခံပြည်သူများ၏ ပြန်လည် မေးမြန်းချက်အပေါ် ရှင်းလင်းပြောကြားကာ အခမ်းအနားအပြီးတွင် အိုးပိုင်အိမ်ပိုင် ဇာတ်လမ်းခွေကို ပြသပေးခဲ့ရာ ဒေသခံပြည်သူများက စိတ်ဝင်စားစွာ ကြည့်ရှုအားပေးခဲ့ကြသည်။

(မြို့နယ် ပြန်/ဆက်)



ကွန်ဟိန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် အမှတ်(၃)ရပ်ကွက်ပြည်သူများ ပူးပေါင်း၍ မြို့ပတ်လမ်း ပြုပြင်ခြင်းနှင့် ဖြန်းသဲခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၉ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးသိုက်ဝေဖြိုး ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးဝင်းဇော်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးမင်းဟန်တို့က လုပ်ငန်း ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြစဉ်။

(မြို့နယ်စည်ပင်)

(၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု ပညာဒါနရိပ်မွန်စာကြည့်တိုက် ရွှေပြည်သာ၌ဖွင့်

ရန်ကုန် ဧပြီ ၁

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ဦးဆောင်မှုဖြင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ်(၆) ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်း၍ ပညာဒါနရိပ်မွန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲကို မတ် ၂၈ရက်က အဆိုပါ စာကြည့်တိုက်၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးညီညီအောင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အုံးညွန့်၊ အမှတ်(၆)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)

ပြောကြား

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အုံးညွန့်က စံ(၅)ချက်နှင့်ညီသော စာကြည့်တိုက်များဖြစ်ပေါ်လာရေး၊ စာငှားကတ်စနစ် ကျင့်သုံးရေးတို့ကို ဆွေးနွေးပြီး စာကြည့်တိုက် ဖြစ်မြောက်ရေးနာယက ဗိုလ်မှူးသိန်းအောင် (ငြိမ်း)က စာကြည့်တိုက် ရေရှည်ရှင်သန် ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။ (မြို့နယ် ပြန်/ဆက်)

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်း မီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်း လုံးဝမပြုလုပ်ပါနှင့်။

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။

(၆၅)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု မြန်မာ့အလင်းနှင့် အရုဏ်ဦးစာကြည့်တိုက် များဖွင့်

ကျောင်းကုန်း မတ် ၂၀

ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်၌ နိုင်ငံတော် မတည်ငွေနှင့် ကျေးရွာပြည်သူများ ပူးပေါင်းတည်ဆောက်သည့် ကညင်သုံးဆင့်ကျေးရွာနှင့် တံကလေးကျေးရွာ စာကြည့်တိုက်ဖွင့်ပွဲကို မတ် ၃ရက်က ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ကညင်သုံးဆင့်ကျေးရွာ မြန်မာ့အလင်းစာကြည့်တိုက်နှင့် တံကလေးကျေးရွာ အရုဏ်ဦးစာကြည့်တိုက်ကို မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးကျော်ကျော်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှပိုပိုနှင့် ကျေးရွာရပ်မိရပ်ဖ ဦးရွှေဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ (အောက်ပုံ)

ထို့နောက် အခမ်းအနားကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး ဂုဏ်ပြုလွှာများ ပေးအပ်ရာ ကျေးရွာ အလှူရှင်များဖြစ်ကြသည့် သုဓမ္မမဏိဇောတရေ ဦးသိန်းမောင်၊ ဦးရွှေဝင်း၊ ဦးကြည်ဝင်းနှင့် ဦးကျော်အေးတို့က လက်ခံယူကြသည်။

ဆောက်လုပ်

အဆိုပါစာကြည့်တိုက် နှစ်တိုက်မှာ အလျား ၂၄ပေ၊ အနံ ၁၄ပေရှိပြီး သွပ်မိုး အုတ်ကာ ကွန်ကရစ်ခင်း ဆောက်လုပ်ထားသည်။ (မြို့နယ် ပြန်/ဆက်)

ရွှေဝါလင်းစာကြည့်တိုက် အဆောက်အအုံ ကလေးမြို့နယ် မင်းလှကျေးရွာ၌ဖွင့်

ကလေး မတ် ၂၉

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကလေးမြို့နယ် နတ်ကြီးကုန်း(ပျဉ်း)အုပ်စု မင်းလှကျေးရွာ ရွှေဝါလင်းစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၂၅ရက်က အဆိုပါ စာကြည့်တိုက်အဆောက်အအုံသစ်ရှေ့၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးဒိုင်ကျင့်ပါအိုက စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး ဟောပြောပြီးနောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညီညီဝင်းက ငွေကျပ် ၁၀၀၀၀၊ ရွှေဝါလင်းစာကြည့်တိုက် ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးထွန်းအောင်ကျော်က ငွေကျပ် ၁၀၀၀၀၀၊ ဌာနဆိုင်ရာနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာပြည်သူများက သုတ၊ရသ စာအုပ်မျိုးစုံ ၂၆၄အုပ်နှင့် ငွေကျပ် ၇၄၉၃၀၀ လှူဒါန်းရာ တာဝန်ရှိသူတို့က လက်ခံယူကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ရွှေဝါလင်းစာကြည့်တိုက် အဆောက်အအုံသစ်ကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိနှင့် စာကြည့်တိုက်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ အဆိုပါ စာကြည့်တိုက် အဆောက်အအုံသစ်မှာ အလျား ၂၄ပေ၊ အနံ ၂၁ပေရှိပြီး သွပ်မိုးကပ်ကာ အမျိုးအစားဖြစ်ပြီး စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ မတည်ငွေနှင့် ကျေးရွာပြည်သူများ ပူးပေါင်းပြီး ကျပ် ၁၂သိန်း ကျော်အကုန် အကျခံ ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

(ခရိုင် ပြန်/ဆက်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ-
ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတုံမြို့နယ် ပုံပါကျင်မြို့နှင့် မိုင်းယောင်းမြို့နယ် မိုင်းယုမြို့တို့၌ နယ်ခြားစောင့်တပ် ဖွင့်ပွဲများကျင်းပ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မိုင်းယုမြို့ နယ်ခြားစောင့်တပ်ဖွင့်လှစ်ခြင်းအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၁

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်လုံခြုံရေးနှင့် နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းစေရေးအတွက် တပ်မတော်နှင့်အတူ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို လက်တွဲတာဝန်ထမ်းဆောင်လျက်ရှိသော ပြည်သူ့စစ်(ဌာနေ) အဖွဲ့အစည်းများအား နိုင်ငံတော်၏ နယ်ခြားစောင့်တပ်များအဖြစ် တာဝန်ထမ်းဆောင်နိုင်ရေးအတွက် အသွင်ကူးပြောင်းမှု အစီအစဉ်ပြုလုပ်ခဲ့ရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ် ပုံပါကျင်မြို့နှင့် မိုင်းယောင်းမြို့နယ် မိုင်းယုမြို့တို့၌ နယ်ခြားစောင့်တပ်ဖွင့်လှစ်ခြင်း အခမ်းအနားများကို မတ် ၃၀ ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ *စာမျက်နှာ ၈ ကော်လံ ၁* *

2-4 (20).pmd 1 4/2/2010, 2:48 AM